ချောင်းရိုးဂိုဏ်း မဟာနာယက

မန္တလေးတိုင်း
စဉ့်ကူးမြို့နယ်၊ ဆီးပင်ကုန်းရွာ
ကျေးဇူးရှင်
လက်ပံသာကျောင်းဆရာတော်ဘုရားကြီး

# ဦးသာ·ကိယ

၏

# ထေရုပ္ပတ္တိကထာ

တပည့် အရှင်ဣန္ဒာစာရ၊ စကုတိုက်၊ မန္တလေးမြို့
ပူဇော်တင်ပြသည်

သာသနာ ၂၅၁၈

ကောဇာ ၁၃၃၆-ခု၊ ကဆုန်လ

၁၁၄၁၆

ချောင်းရိုးဂိုဏ်း မဟာနာယက

မန္တလေးတိုင်း
စဉ့်ကူးမြို့နယ်၊ ဆီးပင်ကုန်းရွာ
ကျေးဇူးရှင်
လက်ပံသာ ကျောင်းဆရာတော်ဘုရားကြီး
**ဦးသာကိယ**

၏

# ထေရုပ္ပတ္တိကထာ

တပည့် အရှင်ဣန္ဒာစာရ၊ စကုတိုက်၊ မန္တလေးမြို့
ပူဇော်တင်ပြသည်

သာသနာ ၂၅၁၈ | ကောဇာ ၁၃၃၆-ခု၊ ကဆုန်လ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ထုတ်ဝေသူ။ ။အရှင်ဣန္ဒာစာရ၊ စကုတိုက်၊ အလယ်တိုက်ကြီး၊
မန္တလေးမြို့။ မှတ်ပုံတင် ကင်းလွတ်ခွင့်
အမှတ် ၀၂၄၆၁။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၇၁၇၄။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ
မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး
(အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A., M.S., B.L.
(မှတ်ပုံတင်အမှတ်—၀၇၇၉)က ပုံနှိပ်သည်။

ကျေးဇူးရှင်
လက်ပံသာကျောင်း ဆရာတော်ဘုရားကြီးပုံတော်



[မှတ်ပုံတင်စဉ်က ရိုက်ကူးထားသောပုံဖြစ်သည်။]

လက်ပံသာကျောင်း ဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိကထာ

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဏာမ .... ... .... .... | ၅ |
| ထာဝရနုပျို ရှင်သန်လျက်ရှိသူ .... .... | ၆ |
| ကျေးဇူးကြီးမားသော ဩဝါဒထူးများ .... | ၉ |
| ဘုရားသာသနာ ကြိုးပမာ .... .... | ၁၀ |
| အနာရှိမှ ဆေးကုရ .... .... .... | ၁၂ |
| ဆုံးမသော ဩဝါဒ .... .... .... | ၁၃ |
| အတွင်းဖြည့်မှ အပြင်ပြည့်သည်.... .... .... | ၁၄ |
| အမြင်ကပ် သက်န်းနှင့်သတ် .... .... | ၁၅ |
| အိုအောင်ကောင်းသောတရား .... .... | ၁၆ |
| ကြီးပွါးလိုလျှင်စိတ်ကိုထိန်း .... .... | ၁၇ |
| အပယ်ပိုလေးတွေ .... .... .... | ၁၈ |
| စံပြစိတ်ထားနှင့် အားကျဘွယ်ဂုဏ်တော်များ .... | ၂၀ |
| ဝိနည်းကိုအလွန်လေးစားတော်မူခြင်း .... .... | ၂၀ |
| ကြည်ညိုဘွယ်မဆုံးသော နောက်ဆုံးသာဓက .... | ၂၅ |
| အရှင်သာရိပုတ္တရာ၏ ထုံးသာဓက .... .... | ၂၇ |
| အရှင်သာရိပုတ္တရာ၏ ဥဒါန်းစကား .... .... | ၃၀ |
| မရှာမရှား၊ ရှာမှရှား .... .... .... | ၃၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အကျင့်သီလဖြူစင်လှပုံ .... .... .... | ၃၂ |
| ပစ္စည်းတို့၌ ရှိသေစွာသုံးစွဲပုံ... .... .... | ၃၃ |
| အလိုနည်းတော်မူခြင်း .... .... .... | ၃၄ |
| အကျော်အစောကို မနှစ်သက်ပုံ .... .... | ၃၆ |
| ကိစ္စနည်းတော်မူခြင်း .... .... .... | ၃၇ |
| ပညာကြီးမားသူ .... .... .... | ၃၈ |
| ဘုန်းကံကြီးမားသူ .... .... .... | ၃၉ |
| နေ့စဉ်မချွတ် စာကြည့်ဝတ်.... .... .... | ၄၂ |
| လက်ပံသာဆရာတော်ဘုရားကြီး၏ မျိုးနွယ်ဖြစ်တော်စဉ် | ၄၃ |
| ဖွားရာဒေသ .... .... .... .... | ၄၃ |
| မိဖနှစ်ပါးနှင့်ဖွားရာကာလ.... .... .... | ၄၅ |
| ဖွားမြင်တော်မူသောဇာတာတော်ပုံ .... .... | ၄၆ |
| ချမ်းသာစွာကြီးပွါးရခြင်း .... .... .... | ၄၈ |
| အကျင့်ဖြူစင် အပြောယဉ် .... .... .... | ၄၈ |
| ပညာသင်ရန် ကျောင်းအပ်နှံခြင်း .... .... | ၄၉ |
| ဆရာကောင်းတွေ့မှ တပည့်ကောင်းဖြစ်မည် .... | ၅၀ |
| ဆရာတော်အရှင်စာရိန္ဒ .... .... .... | ၅၀ |
| လူရည်ချွန်တဦးမို့ အထူးအရေးယူတော်မူပုံ .... | ၅၀ |
| လက်ပံသာကျောင်းကြီး၏ ဆရာစဉ်သမားဆက် .... | ၅၁ |
| လက်ပံသာကျောင်း စတင်ပေါ်လာပုံ .... .... | ၅၁ |
| ကျောင်းအမည် ဝေါဟာရများ .... .... | ၅၂ |
| ဒုတိယမြောက်ဆရာတော် ဦးတေဇဝန္တ .... | ၅၂ |
| တတိယမြောက်ဆရာတော် ဦးစာရိန္ဒ .... .... | ၅၃ |
| ရှင်အဖြစ်ကို ခံယူတော်မူခြင်း .... .... | ၅၃ |

အကြောင်းအရာ — စာမျက်နှာ

ရှင်သာကိယ ဘွဲ့မည်ရ .... .... .... ၅၄
ရှင်အဖြစ်နှင့် ဆက်လက်ပညာသင်ကြားခြင်း .... ၅၄
ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း ... .... ၅၅
မန္တလေးသို့ ပညာသင်လွှတ်ခြင်း .... .... ၅၆
ဆရာတော် ဦးစာရိန္ဒ ပံ့ပိုးလှူဒါန်းတော်မူခြင်း .... ၅၇
ဂူတွင်ခိုမှီး ခြင်္သေ့ကြီးသို့ .... .... .... ၅၉
ဝိနည်းမိုရ်ပေါင်း ခိုကာအောင်း ရွှေကျောင်းလက်ပံသာ ၅၉
ရောဂါဝေဒနာစွဲကပ်တော်မူလာခြင်း .... .... ၆၁
ဘဝဇာတ်သိမ်းချုပ်ငြိမ်းတော်မူခြင်း .... .... ၆၂
မန္တလေးမြို့၊ မိုးကောင်းတိုက် မြအုတ်ကျောင်းဆရာတော် ဦးလောကနာထ၏ ဂုဏာဒိပက ပူဇနိယဂါထာတော် ၆၅
ရွှေဘိုမြို့၊ ကုန်းဘောင်ဦးထိပ်ကျောင်း ဘုန်းကြီး အရှင်နန္ဒက၏ တမ်းတရည်မြှော် ပူဇော်လွှာ ၆၉
လက်ပံသာကျောင်းဆရာတော်ကြီး၏တပည့် မန္တလေးမြို့ စကုတိုက် အရှင်ဣန္ဒာစာရ၏ ဂုဏဝဏ္ဏနာဂါထာ တော်များ .... .... .... .... ၇၀-၄
ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကထာ ဖြစ်မြောက် ရေး၌ လှူဒါန်းကြသော ကုသိုလ်ရှင်များ .... ၇၅

## အမှာစကား

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ဆီးပင်ကုန်းရွာ၊ ချောင်းရိုးဂိုဏ်း မဟာနာယက ကျေးဇူးရှင်၊ လက်ပံသာကျောင်းဆရာတော်ဘုရားကြီး၏ ဘဝဇာတ်လမ်း မှတ်တမ်းဖြစ်တော်မူစဉ်(ထေရုပ္ပတ္တိကထာ)ကို လေ့လာဖတ်ရှုရခြင်းအားဖြင့်—

* အမျိုး၊ ဘာသာ၊ သာသနာအတွက် အားတက်ဂုဏ်ယူနိုင်ခြင်း၊
* ဂုဏ်ရည်တော်အထူးကို သိရှိကြည်ညိုနိုင်ခြင်း၊
* ဆရာတော်၏ အပြုအမူကို နည်းမှီတုယူ၍ သာသနာတော်ကို တင့်တယ်စေနိုင်သူတို့ ပေါ်လာနိုင်ခြင်း၊
* ဗာဟုဿစ္စ မင်္ဂလာတရားကို ပွါးများရာရောက်နိုင်ခြင်း၊
* ကျန်ရစ်သူတပည့်အပေါင်းတို့၏ ဟဒယနှလုံးသား၌ "ကတညုတ ကတဝေဒီ မင်္ဂလာတရား" အစဉ်ထားရှိပုံကို ပေါ်လွင်စေခြင်း၊

စသော အကျိုးအမြတ်များ ကေန်မုချရနိုင်လိမ့်မည်ဟု ယုံကြည်မြော်လင့်ပါသည်။ သို့အတွက် တပည့်သံဃာ ဒကာဒကာမများ၏ တိုက်တွန်းမှုစေတနာကို လေးစားကာ ဆရာတော်ဘုရား၏ ဘဝဇာတ်လမ်း မှတ်တမ်း ဖြစ်တော်စဉ် ဤ(ထေရုပ္ပတ္တိကထာ)ကို ကြိုးပမ်းစီစဉ်၍ ပူဇော်တင်ပြအပ်ပါသည်။

* ဆရာတော်ဘုရား၏ ဘဝဇာတ်လမ်းမှတ်တမ်းဖြစ်တော်စဉ်ကို အကျဉ်းချုပ်၍ ရေးသားရခြင်း၊
* အန္တိမပူဇာပွဲတော်မီ တင်ပြရခြင်း၊
* သက်ကြီး၊ ဝါကြီး၊ သီလကြီး၊ သမာဓိကြီး၊ ပညာကြီး၊ အကျင့်ကြီး၊ ဂိုဏ်းဦးစီးနာယက ဂိုဏ်းထူးရှင်ဆရာတော်ကြီးတပါးဖြစ်၍ ဂုဏ်တော်ကျေးဇူးတော်တို့သည် ချီးကျူးမကုန်အောင် များလှခြင်း၊
* စာရေးသူအနေဖြင့် သိမြင်မှုမပြည့်စုံခြင်း၊

စသော အားနည်းချက်များကြောင့် ဤထေရုပ္ပတ္တိကထာသည် ပြည့်စုံမှု မရှိနိုင်ပါ။

အကယ်၍ ယုတ်လျော့လစ်လပ်သောအရာများ တွေ့ခဲ့ပါမူ ပြည့်စုံအောင် ဖြည့်စွက်ထည့်သွင်း၍ ဤထေရုပ္ပတ္တိကထာကို ပြီးဆုံးခြင်းရောက်အောင် ဖတ်ရှုပူဇော်နိုင်ကြပါစေဟု လေးစားစွာ ဆန္ဒပြုအပ်ပါသတည်း။

## ကျေးဇူးတင်လွှာ

ဤထေရုပ္ပတ္တိကထာဖြစ်မြောက်ရေးတွင် ရေးသားရာ၌၎င်း၊ ပုံနှိပ်လုပ်ဆောင်ရာ၌၎င်း ကောင်းမွန်ပြီးစီးအောင် အစွမ်းကုန်အကူအညီပေးကြသော—

* ဦးဝင်းအောင် (သ-စ-အ ဓမ္မာစရိယ) သာသနာရေးဦးစီးဌာန၊ အဘိဓာန်ဌာန အယ်ဒီတာအားရင်း၊
* ဆရာဦးလှမောင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အားရင်း၊

* စဉ့်ကူးမြို့နယ် တောင်အင်းရွာ ရိပ်သာကျောင်း ဘုန်းကြီး ဦးလာဘ(ပွဲကုန်း ဦးလှဖေ) အားရင်း၊
* ရွှေဘိုမြို့ ကန်ဘောင်ဦးထိပ်ကျောင်း အရှင်နန္ဒက အားရင်း၊

ကျေးဇူးကြီးမားသူများအဖြစ် မှတ်တမ်းတင်အပ်ပါသည်။

ဦးဣန္ဒာစာရ
စာအုပ်ဖြစ်မြောက်ရေး အကျိုးဆောင်
စကုတိုက်၊ မန္တလေး။

ချောင်းရိုးဂိုဏ်း မဟာနာယက

မန္တလေးတိုင်း
စဉ့်ကူးမြို့နယ်၊ ဆီးပင်ကုန်းကျေးရွာ
ကျေးဇူးရှင်
လက်ပံသာကျောင်း ဆရာတော်ဘုရားကြီး
ဦးသာကိယ၏

# ထေရုပ္ပတ္တိကထာ

---

## ပဌာမ

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊
ဝန္ဒိတွာ သိရသာ မဟံ။
ထေရုပ္ပတ္တိက္ကမံ ကဿံ၊
အာစေရဉ္စ သုပေသလံ။

အဟံ၊မဟာထေရ်မြတ် အတ္တုပ္ပတ်ကို သိမှတ်ရန်မြော်တွေး၍ ရေးသားအံ့သော အကျွန်ုပ် "ဂန္ထာစာရ" သည်။ ဗုဒ္ဓဥ္စ၊သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားကိုရင်း။ ဓမ္မဉ္စ၊ ဆုံးမတိုင်းသာ ကျင့်ဆောင်ပါက ဝေနေယျကို လေးဝအပါယ် ကပ်သုံးသွယ်မှ ကယ်တင်ပို့ဆောင် နိဗ္ဗာန်သောင်သို့ ရောက်အောင်ပို့တတ် ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ သံဃဉ္စ၊

မဂ္ဂင်္ဒါန် ဖလင်္ဒါန် ရှစ်တန်အရိယာ မြတ်သံဃာကိုရင်း။ သုပေ-သလံ၊သိက္ခာသီလ ကျင့်စဉ်ရကို ကျနသန့်စင် ပြစ်မတင်အောင် ချစ်ခင်မြတ်နိုးတော်မူပေသော။ အာစေရဥ၊ အနန္တဂိုဏ်းတွင် သမိုင်းဝင်သည့် နိုင်းယှဉ်နေနှုန်း ထေရ်ဘုန်းအကျော် ကျေးဇူးရှင် လက်ပံသာကျောင်း ဆရာတော်ကိုရင်း၊ ဝန္ဒိတ္တာ(ဝန္ဒာမိ)၊ သင်ရာအတတ် ကြိုင်လျှမ်းထုံတဲ့ ပညာမြတ် ခိုင်ပန်းစုံဖြင့် လွှမ်းခြုံကာ ယှက်မိုးလျက် ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။ ဝန္ဒိတ္တာ၊ ညွှတ်နူးရိုကျိုး ရှိခိုးပြီး၍။ ထေရုပ္ပတ္တိက္ကမံ၊ဆီးပင်ကုန်းရွာ လက်ပံသာဟု သညာဝှဲချီး ကျောင်းတော်ကြီး၌ ခိုမှီးရှင်ပြုံး သီတင်းသုံးတော်မူသော သက်တော်ရှည် ဆရာတော်ဘုရား၏ ဘွားသည်ကစ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းသည်အထိ ဖြစ်ပျက်ရှိသည့် ထုတိပြန့်လှိုင်း မြတ်သမိုင်းကို။ကဿံ၊ ကျေးဇူးဂုဏ်ကို ကြည်ညိုဆင့်ပွါး တပည့်များတို့ မှတ်သားအားကျနည်းယူရအောင် အာသီသ စိတ်ကောင်းဖြင့် စုဆောင်းရေးသား ပေအံ့သတည်း။

## ထာဝရနှုပျို ရှင်သန်လျက်ရှိသူ

"အာဒိကပ္ပ၊ ကမ္ဘာစက၊ ကာလခုတောင်၊ ပြည်ကျိုးဆောင်သည်၊ ဘုန်းခေါင်မဟာ၊ ကြီးတေဇာနှင့်၊ စကြာစိုးရ၊ မင်းထိုမျှက၊ ဗုဒ္ဓ,ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟု၊ ခီဏာသဝ၊ ဝိသုဒ္ဓဖျား၊ အရှင်များလည်း၊ တပါးမျှတိ၊ မြဲမရှိဘူး။"

မှန်ပေသည်။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ကိုးတန် ဉာဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်

ကိုယ်တော်မြတ်ကြီးသည် ကုသိနာရုံ ရဂုံအင်ကြင်း ပင်အရင်း ဝယ် ခင်းထားအပ်သော ရတနာရွှေညောင်စောင်း၌ မြောက်သို့ မျက်နှာမူသော ဦးခေါင်းဖြင့် လျောင်းစက်နိဗ္ဗာန် ဝင်စံတော်မူခဲ့ရလေသည်။

အာယုကပ်ပတ်လုံး ထစ်ချုန်းမည်ကာ ဟိမဝန္တာ သမုဒ္ဒရာ၌ ရွာချသော မိုးပေါက်ကိုပင် ဤမျှလောက် အရေအတွက်ရှိ၏ဟု ရွေလက်ညှန်ကာ ပြနိုင်ရှာသည့် လက်ျာတော်ရံ အရှင်သာရိပုတ္တရာ စတေဒဂ်ရ ပညာရှင် မထေရ်မြတ်ကြီးသည်လည်း မိခင်၏တိုက်ခန်း၌ သွေးပန်းလျှံ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ရလေသည်။

မဟာပထဝီမြေကြီးကို သင်ဖြူးဖျာကဲ့သို့ ခေါက်လိပ်ခြင်းငှါ စွမ်းနိုင်သော လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည်လည်း ခိုးသားငါးရာတို့၏ ဒဏ်ချက်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော် မူခဲ့ရလေသည်။

လက်ညှိုးတချောင်းတည်းဖြင့်ပင် တသောင်းသော စကြာဝဠာအတွင်း ထွန်းလင်းတောက်ပစေနိုင်သော မဟာဗြဟ္မာကြီးသည်လည်း သေမင်း၏လက်တွင်းမှ မလွတ်ကင်းနိုင်ခဲ့ချေ။

သဘာဝအားဖြင့် မခိုင်မမြဲသည့် ရုပ်နာမ်ခန္ဓာကို ရရှိထားသူမှန်က အဘယ်စျာန် ဘယ်တန်ခိုး အာဏာပါလွှမ်းမိုး၍ သမ္ဘာမျိုးထွန်းပြောင် ပညာရောင်ထိန်ညီး ဘယ့်လောက်ပင်ကြီးသော်လည်း ရင့်ရမြဲ ရော်ရမြဲ ချုပ်ပျက်ရမြဲသာ ဖြစ်လေသည်။

ကျေးဇူးတော်ရှင် ဂုဏ်အင်ကြီးမား လက်ပံသာကျောင်း ဆရာတော်ဘုရားကြီးမှာလည်း သဘာဝအားဖြင့် မခိုင်မမြဲသည့် ရုပ်နာမ်ခန္ဓာကို လက်ကိုင်ရရှိထားသည်ဖြစ်၍ ဇရာ မရဏသဘာဝကို မလွန်ဆန်နိုင်ပေ။ သက်တော် (၈၄)နှစ်ရှိ၍ ရင့်ခြင်းသို့ ရောက်ခဲ့ပြီ။

၁၃၃၅-ခု တပေါင်းလပြည့်ကျော် ၆-ရက်နေ့ ၁၂-နာရီ တိတိအချိန်တွင်ကား ရင့်ရာမှရော်၍ ခမ္မရုပ်နာမ် ဖောက်ပြန် ရုပ်သိမ်းလျက် ချုပ်ငြိမ်း ပံ့လွန်တော်မူခဲ့ရရှာလေပြီ၊ "မုနိမ် ထွဋ်မှဖျား ဘုရားသော်မှ ရှောင်လွှဲမရသော အပျက်ဓမ္မတာ လမ်းကြီးပါတကား" "ပညာရှိသူ၊ မရှိသူဟု၊ ကြီးသူ ငယ်သူ၊ ဘယ်မဟူပဲ၊ ဗိုလ်လူခပင်း၊ ထိုတသင်းကား၊ သေမင်းနိုင်ငံ၊ လိုက်ရမှန်၏တကား" သို့ပင်တစေ–

"ရူပံ ဇီရတိ မစ္စာနံ၊
နာမဂေါတ္တံ န ဇီရတိ။"

သတ္တဝါအပေါင်းတို့၏ ရုပ်ခန္ဓာသည် ဆွေးမြေ့ပျက်စီး တတ်၏။ ရုပ်ခန္ဓာ၌မှီသော သီတင်းဂုဏ်ရည် အမည်အနွယ် သည်ကား ကမ္ဘာကုန်ခန်း ကာလကျွမ်းသော်လည်း ဥဒါန်း မော်ကွန်း သမိုင်းထွန်း၍ မဆွေးမြေ့ မပျက်စီးတတ်ပေ" ဟု သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် နဇီရတိသုတ်။ နှာ-၄၀ ၌ ဗုဒ္ဓ ရှင်တော်ဘုရား ဟောထားတော်မူခဲ့၏။

မှန်ပေသည်။ ကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် လက်ပံသာ ကျောင်း ဆရာတော်ဘုရားကြီး၏ ရုပ်ခန္ဓာသည် ဖောက်ပြန် ရုပ်သိမ်း၍ ချုပ်ငြိမ်း ပံ့လွန်သွားသော်လည်း ဆရာရှင်၏

သီတင်းဂုဏ်ရည် အမည်အနွယ်တို့သည်ကား တပည့်အပေါင်း တို့၏ နှလုံးသား၌ နုပျိုရှင်သန်လျက်သာ ရှိပေသည်။ ကမ္ဘာ ကြေသော်လည်း ဥဒါန်းမကြေနိုင်ပေ။ အသက်ထက်ဆုံး ကျင့်သုံးတော်မူခဲ့သော သီလ၏ သင်းပျံ့သော ရနံ့တို့ကား ယနေ့တိုင် မွှေးကြိုင်လျက်၊ ကျေးဇူးကြီးမားသော ဩဝါဒ ထူး စကားများကား ယနေ့တိုင်ကြားလျက်၊ စံပြစိတ်ထား နှင့် အားကျဘွယ်ဂုဏ်တော်များကား ယနေ့တိုင် မမေ့နိုင် အောင်ပင်၊ ကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် လက်ပံသာ ကျောင်း ဆရာတော်ဘုရားကြီးကား ကျွန်ုပ်တို့၏ နှလုံးသား ၌ အစဉ် သီတင်းသုံး၍ အသက်ထက်ဆုံး နုပျိုရှင်သန်လျက် ရှိမည်ဖြစ်သောကြောင့် "ထာဝရ နုပျိုရှင်သန်လျက်ရှိသူ" အမှန်ပင် ဖြစ်ပေသည်။ စင်စစ် ဆရာတော်၏အသံ မဆိတ် သကဲ့သို့ ဆရာတော်၏ရုပ်သည် လှုပ်လျက်သာ ရှိချေသည်။

## ကျေးဇူးကြီးမားသော ဩဝါဒထူးများ

ကျေးဇူးတော်ရှင် လက်ပံသာကျောင်း ဆရာတော်ဘုရား ကြီး၏ နှုတ်တော်မှ ထုတ်ဖော်မိန့်ကြားတော်မူခဲ့သော ထူး ခြားသည့် ဩဝါဒစကားသံများကို ယနေ့တိုင် ကြားလျက် ရှိနေပါသည်။ ထူးခြားသည့်အလျောက် မေ့ပျောက်၍ မရ နိုင်အောင် ရှိပါသည်။ မိန့်ကြားတော်မူစဉ်က နှုတ်အသံနှင့် ရုပ်ဟန်တို့မှာလည်း မျက်ဝါးထင်ထင် တွေ့မြင်ကြားနာရစဉ် ကကဲ့သို့ ပေါ်ပေါ်လွင်လွင် ရှိလှသည်။

အသံတော်မှာ ကြည်လင်အေးမြသည်။ ပြတ်သားသည်။ ညင်သာစွာပြောရုံမျှဖြင့် အဝေးမှ ကွဲကွဲပြားပြား ကြားရ

လောက်အောင်မြည်သည်။ အချုပ်အားဖြင့်ကား ကြားသူတိုင်း လေးစားချစ်ခင် ရှိသေလိုက်နာချင်အောင် ဩဇာဂုဏ်နှင့်ပြည့်စုံသော အသံတော်ပေတည်း။ ရုပ်သွင်ဟန်ပန် ကြန်အင်လက္ခဏာမှာလည်း ရူပနိကာယဂုဏ်နှင့် ပြည့်ဝလုံလောက်သော ပုဂ္ဂိုလ်ပင်ဖြစ်၏။ ဒေါသကင်းသော စိတ်ထားနှင့် အကျိုးမဲ့မဖြစ်စေလိုသော စေတနာတရားတို့ကြောင့် ထူးထူးခြားခြား ပို၍ကြည်လင်လှပေသည်။

ယင်းသို့ ကြည်လင်သောစိတ်ထား လေးစားထိုက်သော ရုပ်ဟန် ပြတ်သားသော အသံတို့ဖြင့် ဆရာတော်သည် မိမိထံမှောက်သို့ ရောက်လာတိုင်းသော တပည့်တို့အား ရှောင်သင့် ဆောင်သင့်သော အကျိုးအပြစ် တို့ကို စိစစ်ဝေဘန်ကာ ချောက်တန်သူကို ကြောက်အောင် ချောက်၍၎င်း၊ မြှောက်တန်သူကို မြှောက်အောင်မြှောက်၍၎င်း အစဉ်ထာဝရ အရေးယူ ဖေးမလျက် ယဉ်ကျေးအောင် သွေးဆောင်ဆုံးမပေးတော်မူလေသည်။

[အခါ အခွင့် သင့်တိုင်း အဆုံးအမ ပေးတော်မူခဲ့သော ဆရာတော်၏ ဩဝါဒ ဒေသနာများကား ကျမ်းစာတစောင်ပေတဖွဲ့ ရိုက်နှိပ်သည်ထိ မကုန်နိုင်အောင် ရှိပါသည်။ ဤ၌ လက်လှမ်းမှီသမျှ စုရုံး၍ တစိတ်တဒေသမျှ တင်ပြလိုက်ရပါသည်။]

**ဘုရားသာသနာ ကြိုးပမ်း** တခါက မန္တလေးမြဲဘုန်းကြီးနှင့် ဒေါ်ခက်ဘုန်းကြီးတို့သည် ဦးရကြီး အလှူဝတ်မှ ပင့်လျှောက်မှုကြောင့် ဆီးပင်ကုန်းရွာသို့ ကြွလာကြ၏။ ခရီးရောက်မဆိုက်(လက်ပံသာကျောင်း) ဆရာ

တော်ကြီးထံပါးသို့ ဖူးမြော်ကန်တော့သွားကြရာ သက်တော် (၈၀)ကျော်မျှ ရှိတော်မူသော ဆရာတော်ဘုရားကြီးသည် ကြည့်ရှုနေဆဲဖြစ်သော(ပဋ္ဌာန်းပါဠိတော်)စာအုပ်ကို ခေတ္တမျှ ချထားတော်မူပြီး အလေးထားသော အမူအရာတော်ဖြင့် တတောင်ဆစ်တော်ကို ဖုံးသောသင်္ကန်းကို လက်ကန်တော့ ပြုပြီးကာ ကြုံ့ကြုံ့ ထိုင်တော်မူလျက် (ဤနေရာတွင် စာရှုသူတို့သည် လက်ပံသာကျောင်းဆရာတော်ကြီး၏အာဝဇ္ဇိတ ဝတ်ဖြည့်ပုံ,နိဝါတဂုဏ်ရှိပုံများကို အာရုံပြု၍ ကြည်ညိုပူဇော် နိုင်ကြပါစေ....) မန္တလေးဘုန်းကြီးနှစ်ပါးကို ရေကပ်စေတော်မူပြီး လာခဲ့ရသော ခရီးစဉ်ကို ဦးစွာ မေးတော်မူပါသည်။ ထိုနောက် အမိန့်ရှိတော်မူသည်မှာ—

"မန္တလေးများလဲ မရောက်တာကြာပါပြီ။ ဘုန်းကြီးကလေးတို့ မန္တလေးက ကိုယ်တော်ငယ်ကလေးတွေဟာ လောကီဘက်ကစာတွေသင်ပြီး လူတွေနဲ့အတူတူ အတန်းကျောင်းတွေတောင် တက်ကြဆိုဘဲ။ သာသနာ နောက်ပိုင်းရောက်တော့ မကောင်းတော့ပါဘူး။

ဘုန်းကြီးကလေးတို့ ကျောင်းများမှာလဲ လောကီသင်တဲ့ ကိုယ်တော်များ အားပေးလက်မခံပါနဲ့နော်....။ သာသနာတော်ကြီးဟာ ခိုင်မာသောကြိုးနဲ့ တူပါတယ်။ ခိုင်မာသော ကြိုးဆိုတာ အမျှင်အပေါင်း စုပေါင်း ကျစ်ထားပါတယ်။ အမျှင်အထွက်များလျှင် သည်ကြိုးပြတ်တော့မယ်ဆိုတာ ထင်ရှားပါတယ်။ကိုယ့်ဘက် ကိုယ့်တာကတော့ အမျှင်မထွက်ဘဲ ခိုင်မာပြီး မပြတ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်စောင့်ရှောက်ကြပါ။ တွေ့တုန်း မေတ္တာ

ရပ်ပြောဆိုပါတယ်။ မန္တလေး ဘုန်းကြီးကလေးတို့” ဟု အမိန့်ရှိတော်မူသည်။

**အနာရှိမှ ဆေးကုရ** တဆက်တည်းမှာပင် ထပ်လောင်း၍ အမိန့်ရှိပြန်သည်မှာ–

“ဆေးကုရတယ်၊ ဆေးကုရတယ်ဆိုတာ အနာရှိလို့သာ ဆေးကုရတာပေါ့၊ အနာမရှိလျှင် ဘယ်မှာ ဆေးကုစရာ ရှိတော့မှာလဲ၊ ဒေသနာ ခဏခဏကြားတာလဲ အနာရှိလို့ သာပေါ့။

တပည့်တော်များ အရှေ့ဝိသုဒ္ဓါရုံတိုက် နေစဉ် ကိုယ်တော်တပါး “အဗ္ဗနကံ” ပြုရန် သံဃာစုသည်ကို (ဝိသုဒ္ဓါရုံ) ဆရာတော်ကြီးမြင်သည်တွင်–“သည်ကိုယ်တော်က သည်လောက်ထိအောင် ရောဂါကြီးသကိုး ရောဂါကြီးလျှင် မကြာခင် ခန္ဓာပြုတ်လိမ့်မည်”ဟု ဝိသုဒ္ဓါရုံဆရာတော်ဘုရားက အမိန့်ရှိဘူးသည်ကိုလည်း ထည့်သွင်း အမိန့်ရှိလိုက်ပါသေး၏။”

ရေကြည်တခွက် မှုန်နှောင့်ယှက်ကြောင့် သောက်လျက် မပြေ မှောက်လျက်သာ သွန်ချလေသကဲ့သို့ ကြောက်ဖွယ် ကောင်းလှပေစွတကား။ ကျေးဇူးရှင် (လက်ပံသာ) ဆရာတော် ဘုရားကြီးသည် အာပတ်တည်းဟူသော မှုန်နှောင့်ယှက်မည်ကို အလွန်ကြောက်ရွံ့တော်မူစွတကား။

“အပုပ်နံ့တို့ဖြင့် တလှိုင်လှိုင် သင်းနေသော ခန္ဓာကိုယ်အတွင်းသို့ သီလရနံ့ အမွှေးအကြိုင်တို့ဖြင့် အခါခါဆွတ်ဖြန်း ပေးနိုင်ကာမှ တန်ကာကျမည်”ဟုလည်း ထပ်လောင်း အမိန့်

ကျေးဇူးရှင်
လက်ပံသာကျောင်း ဆရာတော်ဘုရားကြီး၏
ကိုယ်လုံးပေါ်ပုံတော်



[ဆရာတော်ကြီးအား အသိမပေးပဲ အမှတ်တမဲ့ ရိုက်ကူးထားသော ပုံဖြစ်သည်။]

ရှိလိုက်ပါသေး၏။ (ဤသြဝါဒထူးများကိုထောက်ဆ၍ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ သီလသိက္ခာ အကျင့်ဂုဏ်တို့ကို အာရုံပြုကြည်ညိုနိုင်ကြပါစေ....။)

**ဆုံးမသော သြဝါဒ** တခါက နယ်လုံးဆိုင်ရာ သံဃာ့ ပဝါရဏာပြုပွဲကြီးနှင့်ကြိမ်သည်တွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သြဝါဒစကား မိန့်ကြားတော်မူသည်မှာ—

"အရှင်ဘုရားတို့....သည်လိုဝါကျွတ်ပွဲမှာ စုံစုံညီညီ တွေ့ရဆဲအချိန်မို့ ပြောရအုံးမယ်။ သည်မှနောက် အကြောင်းအားလျော်စွာ ကွဲကြတော့မည်ကြောင့် တပါးနှင့်တပါး အပြစ်ပြုရန် သွန်သင်ဆုံးမဘို့ရန် လျှောက်ထား ဘိတ်ပန်ကြားတဲ့ပွဲ ဖြစ်ပါတယ်။

ဆုံးမတယ်....ဆုံးမတယ်ဆိုတာ အဆုံးဖြစ်သောနိဗ္ဗာန်ရောက်အောင် လမ်းပြသဖွယ် မ,စ စောင့်ရှောက်နိုင်မှ ဆုံးမရာ-အဆုံးသို့မပြီး ပို့ရာ-မရာ ရောက်ပါတယ်။ အဆုံးသို့ ရောက်ဘို့ဆိုတာလဲ "ပါသာဒိကေန သမ္ပာဒေထ" ဟူသော သြဝါဒကထာအတိုင်း ကိုယ့်ကိုယ်ကို ကိုယ်ကြည်ညိုနိုင်မှ အဆုံးသို့ ရောက်နိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုမှ ကိုယ်မကြည်ညိုနိုင်ဘူး ဆိုလျှင်တော့ အဆုံး မရောက်တော့ဘဲ အစပြန်ကောက်သလို အစဘဲ ပြန်ရောက်ကြမှာဘဲ။"

ဟူ၍ ဖြစ်လေသည်။ တိုတိုကျဉ်းကျဉ်းလေး ဖြစ်သော်လည်း လိုရင်း ကျလှ၏။ နက်နဲသော "ဂမ္ဘီရကထာ" ထူးပင် ဖြစ်ပေသည်။

အတွင်းဖြည့်မှ အပြင်ပြည့်သည် — အခါတပါး မန္တလေး ဘုန်းကြီး နှစ်ပါး ဦးတိုက်၍ ခရီးရောက်မဆိုက်အမိန့်ရှိတော်မူသည်မှာ—

"မန္တလေးဘုန်းကြီးတို့၊ ခုနက ကျောင်းသားငယ်ကို တောင်းနှစ်လုံး ဦးပဲ့ထမ်းစေပြီး ကြမ်းပိုး ကျောက်ကုန်း ရောင်သကၤန်းနှင့် စွန်တောင်ရမ်းကာ မြေပဲအလှူခံ ထွက်သွားသည့် တောထွက်ရဟန်းကြီး မြင်လိုက်ကဲ့ မဟုတ်လား။

သူ့ကိုမေးတယ်။ သကၤန်းဘိုးအတွက် ရည်မှန်းပြီး အလှူခံပါတယ်တဲ့။ မတ္တရာနယ်က ဆိုထင်ပါရဲ့။ တောထွက်နဲ့ တူပါတယ်။ ခက်ထာက သကၤန်းပါနေတော့ တည်းခိုဘို့ရန် လက်ခံရတော့တာဘဲ။

ပြောတော့....ပြောလိုက်ရသေးတယ်။ ဘုရားစကားနားထောင်ရင်တော့ ပစ္စည်းလေးပါး မရှားပါဘူး။ အပြင်ဗဟိဒ္ဓ ဆင်မြန်းဘို့ရန် ရုပ်ပျက်, ဆင်းပျက် သကၤန်းလိုလို့ လိုက်တောင်း အလှူခံမည့်အစား အတွင်းက လိုတာကိုကော သိရဲ့လား၊ အတွင်းကလိုတာကို တကယ်ဖြေ့လျှင်တော့ အပြင်ပြေ့ပါတယ်...။ ရွာစဉ်လှည့်ပြီး မြောက်ပြသလို ဝါးလုံးရှေ့နဲ့တော့ လိုက်မရမ်းပါနဲ့နော် လို့တော့ ပြောလိုက်ရသေးတယ်"။

ဟူ၍ အမိန့်ပြန်၍ရှိတော်မူသည်။ "အတွင်းဖြေ့မှ အပြင်အလိုလိုပြေ့သည်" ဟူသော သာရဏီယကထာထူးသည်တာသွား၍ မှတ်သားစရာ ကောင်းလှပေတော့သည်။

**အမြင်ကပ် သက်န်းနှင့်သတ်** တနေ့သောအချိန် မန္တလေး မရမ်းခြံဆိပ်နေ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တူအရင်းဖြစ်သော ဦးပျားကြီး အလှူဝတ်မှ ပင့်လျှောက်မှုကြောင့် မန္တလေးဘုန်းကြီးနှစ်ပါး ခြေတော်ရင်း ရောက်ခိုက် အမိန့်ရှိသည်မှာ—

"ဘုန်းကြီးတို့ မန္တလေးက အောဘိစီ သမားတွေဟာတယ်ဆိုးပါကလား....။ ကျောင်းပိတ်တုန်း နေ့ခြင်းပြီးသက်န်းဝတ်ကြဆိုဘဲ။ ဘုန်းကြီးများကလဲနှုတ်တိုက်ချပေးလျှင် ရပါတယ်ဆိုပြီး "(ယ-မ-ဟာန်တဲ့)ယ မဟံ ဒေထ" လုပ်နေကြတယ်။ ရဟာန်းအဖြစ်ထက် ရှင်အဖြစ်က ပိုခက်ပါတယ်။ ဥဘတော သုဒ္ဓိဖြစ်လို့။

ဝိနည်းမှာ ဂရုပြဋ္ဌာန်းပါတယ်။ ဒါကြောင့်ပျားကြီးတို့ပြောရတယ်၊ နေ့ခြင်းပြီးတော့ ငါဝတ်မပေးဘူး၊ ကလေးတွေ စောစောပို့ ။

ရှင်အောင်ပြုတယ်၊ ရှင်အောင်ပြုတယ်ဆိုတာ မင်းတို့က လွယ်မှတ်လို့လား၊ မရှင်ဘဲနဲ့သေမှ "ငွေကုန်လူပမ်းအလုပ်ဆန်း" ဆိုတာ ဒါမျိုးပေါ့။

ဒို့ ကျေးဇူးရှင်ဆရာတော် ဦးစာရိန္ဒ အမိန့်ရှိဘူးတယ်။ "**သည်ကောင်ကလေးအမြင်ကပ် သက်န်းနှင့်သတ်**" တဲ့။ အဘလုပ်တဲ့လူက သည်ကောင်ကလေး အမြင်ကပ်စရာကောင်းလိုက်တာ၊ ကျောင်း သက်န်းဝတ် ပို့ထားလိုက်မှ ထင်ပါရဲ့လို့ အဖေလုပ်တဲ့လူက ကြိမ်းဆိုဘဲ။ သည်လိုမဖြစ်ရအောင် စောစောကပင် ကျင့်ဝတ်သင်၍ ထူးခွင်ထံပါး ကပ်ရောက်နားမှ ကောင်းပေသည်။

**"သက်န်းမနိုင်၊ ကျင့်မပိုင်၊ ရှင်ချိုင်အပြု မစောလေနဲ့"**

ဟု အမိန့်ရှိတော်မူလေသည်။ (ဤ ဩဝါဒစကားတို့ကို ထောက်ထားဆင်ခြင်၍ ကျေးဇူးရှင်ဆရာတော်ကြီး၏ ဝိနည်း၌ အလေးပြုသော ဝိနယဂရုကဂုဏ်တော်ကို မှန်းမြှော်၍ ကြည်ညိုနိုင်ကြပါစေ....။)

**အမှာ။** ။ဖော်ပြခဲ့သော ဩဝါဒကထာ မှတ်စရာများမှာ မန္တလေးမြို့ မိုးကောင်းတိုက်၊ မြအုတ်ကျောင်း ဆရာတော်၏ ထုတ်ဖော်တင်ပြချက်များ ဖြစ်ပါသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ "သာမဏေရ ပဗ္ဗဇ္ဇာ နယုပဒေသစာတမ်း" ကိုလည်း နောင်အခွင့်သာလျှင် ဆက်လက်တင်ပြဦးမည်ဟု အမိန့်ရှိတော်မူပါသေးသည်။

**အိုအောင် ကောင်းသောတရား** အခါတပါး ညနေချမ်း အချိန်ခန့်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ငယ်သူငယ်ချင်း ဖြစ်သူ ဒါယကာကြီး ဦးမြင့်နှင့် အလ္လာပ သလ္လာပပြောစဉ် အမိန့်ရှိသည်မှာ—

"ဗိုလ်မြင့်ကြီး လောကမှာ အိုအောင်ကောင်းတဲ့ဟာ သိရဲ့လားဟု မေးတော်မူသည်။

ထိုအခါ ဦးမြင့်ကြီးက ပြန်ကြားလျှောက်ထားသည်မှာ—"အရှင်ဘုရား အိုအောင် ကောင်းတာကို ဒီအသက်အရွယ်ရောက်မှ လျှောက်လို့ မကောင်းပါဘုရား"ဟု လျှောက်လေသည်။

ဆရာတော်ကြီးက အင်း–ဗိုလ်မြင့်ကြီး ခုထက်ထိ ရှုး
တုန်းကိုးဟု အမိန့်ရှိကာ–မှတ်ထား၊ အိုအောင် ကောင်း
တဲ့အရာဆိုတာ "သီလ, သဒ္ဓါ, ပညာ, ကုသိုလ်" ဤတရား
လေးပါးဟာ အိုအောင်ကောင်းတယ်။

ဟူ၍ အမိန့်ရှိတော်မူပေသည်။

မှတ်ချက်—

သီလံ ယာဝ ဇရာ သာဓု၊ သဒ္ဓါ သာဓု ပတိဋ္ဌိတာ။
ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒူဟရံ။

"အကျင့်သီလသည် အိုသည်တိုင်အောင် ကောင်း၏။ ယုံကြည်မှု သဒ္ဓါတရားတည်သည်ရှိသော် ကောင်း၏။ ပညာသည် လူတို့၏ ရတနာမည်၏။ ကောင်းမှုကို ခိုးသူတို့ မခိုးယူနိုင်"ဟူသော "သဂါထာဝဂ္ဂသံယုတ်၊ ဇရာသုတ်။ နှာ။၃၃"ကို ရည်၍ မိန့်တော်မူခြင်းဖြစ်သည်။

**ကြီးပွါးလိုလျှင် စိတ်ကိုထိန်း** အခါတပါး ရွာတွင်းမှ တပည့်ဒါယကာ တယောက်သည် ကျောင်းသို့ ဆွမ်းအုပ်ပို့ရင်း ဆရာတော်ဘုရားထံမှောက်သို့ ရောက်ရှိလာ၏။ ထိုအခါ ဒါယကာ၏ စီးပွါးရေး အခြေအနေကို မေးမြန်း၍ ဒါယကာက စီးပွါးရေးအခြေအနေ မကောင်းကြောင်း ပြန်ကြားလျှောက်ထားလျှင်—

"ဒါယကာ၊ ကြီးပွါးလိုလျှင် စိတ်ကိုနိုင်အောင်ထိန်း" ဟု ဆရာတော်ဘုရားကြီးက အမိန့်ရှိတော်မူလေသည်။

**မှတ်ချက်။** ။တပ်မက်ကြောင်း တရားတို့၌ ငါ၏စိတ်သည် မတပ်မက်စေလင့်၊ အမျက် ထွက်ကြောင်း တရားတို့၌ ငါ၏စိတ်သည် အမျက်မထွက်စေလင့်၊ တွေဝေကြောင်းတရားတို့၌ ငါ၏စိတ်သည် မတွေဝေစေသင့်၊ မာန်ယစ်ကြောင်း တရားတို့၌ ငါ၏စိတ်သည် မာန်မယစ်စေလင့်ဟု မိမိအကျိုးစီးပွါးကို အလိုရှိသူသည် ဤ အရာလေးမျိုးတို့၌ မမေ့လျော့ခြင်း အောက်မေ့ခြင်း ဟူသော စိတ်၏ အစောင့်အရှောက် ပြုအပ်၏–ဟူသော အင်္ဂုတ္တရပါဠိ၊ စတုက္ကနိပါတ၊ အာရက္ခသုတ်။ နှာ။၄၃၅-ကို ထောက်ဆ၍ "ကြီးပွါးလိုလျှင် စိတ်ကိုနိုင်အောင်ထိန်း" ဟု တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် အမိန့်ရှိတော်မူလေသည်။

**အပါယ်ပို့လေးတွေ။** ။ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် တပည့်ကျောင်းသား သူငယ်လေးများကို "အပါယ်ပို့လေးတွေ" ဟု အမြဲလို ခေါ်ဝေါ်လေ့ရှိ၏။ "သူတို့ ရှင်သာမဏေပြုတဲ့အခါ သူတို့ မိဘများဟာ ကြက်၊ ဝက် စတဲ့ တိရစ္ဆာန်များကိုသတ်ပြီး အကုသိုလ်တွေ လုပ်ကြအုံးမှာကွ၊ သိရဲ့လား၊ ဒါတင်ဟုတ်ရိုးလား ၊ဒင်းတို့ အချိန်တန်လို့ မင်္ဂလာဆောင်ကြပြန်လျှင်လဲ ကြက်၊ ဝက် စတဲ့ တိရစ္ဆာန်တွေသတ်ပြီး အကုသိုလ်တွေ လုပ်ကြအုံးမှာဘဲ။ သူတို့လေးတွေဟာ သူတို့အဖေ အမေတွေကို အပါယ်ပို့တဲ့ ကောင်လေးတွေ" ဟု အမိန့်ရှိတော်မူလေသည်။

ဆရာတော်ဘုရားကြီးသည် ကုသိုလ်ကောင်းမှု လုပ်ရာ၌ တိရစ္ဆာန်များကို သတ်ဖြတ်ကျွေးမွေးပြုလုပ်ခြင်းကို လွန်စွာ စက်ဆုပ် ရွံမုန်းတော်မူသည်။ "သူတို့ဟာက လူဘဝရောက်လို့ ကုသိုလ်ကောင်းမှုလေး ပြုလုပ်ပါတယ် အကုသိုလ်ကမကင်းဘူး၊ ငါပြောရလျှင် "ဒီကိုယ်တော်ကြီး သူမစားလို့ပြောတယ် ရှိအုံးမယ်ကွ" ဟု အမိန့်ရှိတော်မူခဲ့ဘူးပါသည်။ (ဆရာတော်သည် ရဟန်းတဝါအရမှစ၍ အသားစားခြင်းမှ ရှောင်ကြဉ်တော်မူခဲ့ပါသည်။)

**မှတ်ချက်။** ။"မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏။ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန် တမလွန်ဘဝနှစ်တန်တို့၌လည်း စိုးရိမ်ရ၏။ ထိုမကောင်းမှုပြုသူသည် မိမိ၏ ညစ်နွမ်းသောကံကို သိမြင်၍ စိုးရိမ်ရ ပင်ပန်းရ၏။" ဟူသော "ဓမ္မပဒ၊ ယမကဝဂ္ဂ၊ စုန္ဒ သူကရိကဝတ္ထု။ နှာ။ ၁၅။" ကို ရည်ညွှန်း၍ ဆုံးမတော်မူခြင်းဖြစ်လေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရား၏ ဩဝါဒထူးများကို ဤမျှဖြင့် ရပ်နားရပါတော့မည်။ အကျိုးမဲ့မဖြစ်စေလိုသော စေတနာစေတ်ဖြင့် ယှဉ်စပ်ထုံမွမ်း၍ ကြိုးပမ်းမိန့်ကြားတော်မူခဲ့သော ဩဝါဒဒေသနာတော်များသည် စာရှုသူတို့၏နှလုံးသား၌ အစဉ်ထာဝရတည်တံ့၍ ကြီးပွါးချမ်းသာ မင်္ဂလာဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

## စံပြစိတ်ထားနှင့် အားကျဘွယ်ဂုဏ်တော်များ

အတ္တာနမေဝ ပဌမံ၊
ပတိရူပေ နိဝေသယေ။
အထညု မနုသာသေယျ၊
န ကိလိဿေယျ ပဏ္ဍိတော။

[ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သောအကျင့်၌ တည်စေရာ၏။ ထိုနောက်မှ သူတပါးကို ဆုံးမရာ၏။ ပညာရှိသူသည် သူတပါးအား ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။]

**(ဓမ္မပဒ။ အတ္တဝဂ္ဂ၊ ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု၊ နှာ-၃၇။)**

ကျွန်ုပ်တို့၏ ကျေးဇူးရှင် လက်ပံသာကျောင်းဆရာတော်ဘုရားကြီးသည် ရဟန်းရှင်လူ တပည့်အပေါင်းအား ဆုံးမဩဝါဒ ပေးခဲ့ရာ၌ "ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့" ဆိုသော အနေမျိုးဖြင့် ဆုံးမတော်မူခဲ့ခြင်း မဟုတ်ပေ။ ကိုယ်တိုင်ကိုယ်ကျ သင့်လျော်သောအကျင့်၌ ရှေးဦးစွာ တည်စေပြီးမှ သူတပါးကို ဆုံးမခဲ့ခြင်းသာ ဖြစ်လေသည်။ ထိုကြောင့် ဆရာတော်ဘုရား ဆုံးမမိန့်မှာတော်မူခဲ့သော စကားများကို ကြားပြီးနောက် ဆရာတော်ဘုရား၏ စံပြစိတ်ထားနှင့် အားကျဘွယ်ဂုဏ်ရည်တော်များကို ဆက်လက်ကြည်ညိုကြရန် မပိုမယုတ် အတိုချုပ်လျက် ဟုတ်မှန်သည့်အတိုင်း ဆက်လက်တင်ပြလိုက်ရပါသည်။

## ဝိနည်းကို အလွန်လေးစားတော်မူခြင်း

"တက်တုံသက်တုံ၊ ဖြစ်ပျက်စုံသား၊ တောဘုမ္မကာ၊ သံသစချဝယ်၊ ဒုက္ခကြီးရောက်၊ ငရဲကြောက်၍၊ အပ်

လောက်အသွား၊ ပွတ်ဆောက်ဖျားဝယ်၊ တည်ထားမရွှေ၊
မုံညင်းစေသို့၊ သိမ်မွေ့သိက္ခာ။"

ဟူသော "ဂါမဏိစန္ဒပျို့"နှင့်အညီ ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးသည် အာပတ်ခုနစ်ပုံကို မသင့်မရောက်အောင်စောင့်ရှောက်ရာ၌ "ဒုက္ကဋ်၊ ဒုဗ္ဘာသိ" စသော အာပတ်ငယ်ကလေးများကိုပင် "ပါရာဇိကအာပတ်ကြီးများ"လောက် သဘောထား၍ အထူးလေးစား စောင့်ရှောက်တော်မူလေသည်။

ငွေသည် လူတိုင်းကြိုက်သော ဓာတ်စာတမျိုးဖြစ်၏။ လူတိုင်းပင် လိုချင်၏။ နှစ်သက်၏။ လောဘနယ်ကိုကောင်းစွာ ကျယ်စေနိုင်သော အရာဝတ္ထုတမျိုးလည်း ဖြစ်၏။ ထိုကြောင့် လောဘသတ်လမ်းစဉ်ကိုလိုက်၍ ဘုရားအလိုတော်ကျ ကျင့်ကြံနေထိုင်ကြသော ရဟန်းသာမဏေများအတွက် ထိုငွေကို မသာယာအပ်ကြပေ။

သို့ရာတွင် တန်ဘိုးကို သိနေခဲ့လျှင်ကား လောဘအပြည့်ရှိနေကြသောသူတို့အတွက် ရဟန်းသာမဏေပင် ဖြစ်နေစေကာမူ "ကြက်သားမစားသော်လည်း ကြက်ရည်တော့ သောက်ချင်နေကြဦးမည်"မှာ သေချာလှပေသည်။ တန်ဘိုးကိုမျှ မသိခဲ့လျှင်သာ ငွေနှင့်စပ်၍ သာယာမှုအရပ်ရပ်ကို အလိုအလျောက် ဖြတ်တောက်နိုင်ကြပါလိမ့်မည်။

ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကား အနာမာသဝတ္ထုခေါ်သည့် ထိုငွေများနှင့် စပ်လျဉ်း၍ အနည်းအများ တန်ဘိုးကိုသိရန်ဝေးစွ၊ ပျံလွန်တော်မူသည်အထိ

၁၁၃၁၆
သာသနာရေးဦးစီး
စာကြည့်တိုက်

တကြိမ်တခါမျှ ကိုင်တွယ်ကြည့်ဘူးသည်ဟူ၍ မရှိခဲ့ပေ။ ယခု ခေတ်သုံး ငါးပြား ဆယ်ပြား စသော ငွေများ၏ ပုံပန်း သဏ္ဍာန်မျှကိုပင် မည်သို့မည်ပုံရှိသည်ဟု မသိလောက်အောင် ဥပေက္ခာပြု လျစ်လျူရှုထား တော်မူပေသည်။ ဤမျှ သာယာ မှုကင်းတော်မူ၏။ လှူဒါန်းသူတို့ ရှိလာခဲ့လျှင်ကား ကပ္ပိယ ကာရကဖြင့် အလှူခံ၍ သာသနာတော်အတွက်သာ အပ်စပ် အောင် အထူးညွှန်ကြား သုံးစွဲတော်မူပါသည်။

ရပ်တွင်း ရွာတွင်းသို့ ကိစ္စရှိ၍ ကြွရောက်သော အခါများ ၌လည်း မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ ထီးဆောင်း ခြင်း ဘိနပ်စီးခြင်းကို လုံးဝ ပြုတော်မမူပေ။ မြေအပြင်သည် နေပူရှိန်ကြောင့် မီးခဲတမျှ ပူပြင်း၍နေသည့်တိုင်အောင် ဘိနပ်ကို တကြိမ်တခါမျှ စီးခြင်းမပြုခဲ့ပေ။ မည်မျှလောက် ဝေးသောခရီးကို သွားရစေကာမူ နွားယာဉ် လှေယာဉ်များ ကို စီးနင်းခြင်းမပြုဘဲ ရှောင်ကြဉ်တော်မူခဲ့ပါသည်။

ဤအချက်များကို ကြည့်ခြင်းဖြင့် ဒုက္ကဋ်, ဒုဗ္ဘာသိ အာ ပတ်ငယ် အပြစ်ငယ်ကလေးများကိုပင် ပါရာဇိက အပြစ်ကြီး များလောက် လေးစားရှောင်ကြဉ်သည်ဆိုသော ဆရာတော် ၏ "ပါတိမောက္ခသံဝရ သီလဂုဏ်" အဆင့်အတန်းမှာ အံ့မ ခန်း ရှိလှကြောင်း ထင်ရှားလှပါသည်။

ဣန္ဒြိယသံဝရသီလ အရေးနှင့် စပ်၍လည်း ဆရာတော် သည် စက္ခုစသော ခြောက်ပါးသော တံခါးပေါက်တို့၌ ဝင် လာ ထင်လာ မြင်လာ ရောက်လာသမျှသော အာရုံတို့ကို သတိတံခါးဖြင့် ပိတ်ဆို့၍ ထာဝရ စောင့်ရှောက်ထားတော် မူလေသည်။ အမှတ်နိမိတ် အရိပ်အသွင်တို့ကို ယူငင်ခြင်းမပြု

သောကြောင့် စွဲလမ်းတပ်မက်သော လောဘကိလေသာ ရှုံ့ရှာမုန်းတီးသော ဒေါသကိလေသာတို့ ဖြစ်မလာကြပေ။

ကျေးဇူးရှင် ဆရာတော်ဘုရားသည် "ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး" ဟူသော ပစ္စည်းလေးပါးတို့ကိုလည်း သတိမမူ မဆင်ခြင်ပဲ ရှာသူ ရှာသားများ သုံးစွဲခြင်းကဲ့သို့ မည်သည့်အခါမျှ သုံးစွဲတော် မမူသောကြောင့် "ပစ္စယ သန္နိဿိတ" ခေါ် သော သီလနှင့်လည်း အထူးပင် ကိုလို ပြည့်ဝတော်မူပါသည်။

"ကုလဒူသနအနေသန" ခေါ် ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို အတုံ့အလှယ် အပေးအကမ်းပြု ဖျက်ဆီးခြင်းမှ ကင်းတော်မူ၍ တရားနှင့်လျော်စွာ ရရှိလာသော (တရားကို ယုံကြည်သည့်အတွက် အလိုအလျောက် သဒ္ဓါပေါက်ပြီး လှူဒါန်း၍ မိမိထံမှောက်သို့ ရောက်လာသော) ပစ္စည်းများ ကိုသာ သုံးစွဲတော်မူသည့်အတွက် "အာဇီဝပါရိသုဒ္ဓိသီလ" နှင့်လည်း ပြည့်စုံလှပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် "ကုလေသု အနနုဂိဒ္ဓေါ=ကြည်ညိုလှူလှုစွာ ကိုးကွယ်ဆည်းကပ်သော ဒါယကာတို့၌ ပစ္စည်းကိုတပ် တဏှာတော်ဖြင့် ငြိကပ်တွယ်တာခြင်း မပြုရာ" ဟူသော ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမ ခုဒ္ဒက ပါဠ်ပါဠိ ၁၁။ သုတ္တနိပါတပါဠိ ၃၀၀-တို့နှင့်အညီ ကြည်ညို ကိုးကွယ် ဆည်းကပ်ကြကုန်သော ဒါယကာ ဒါယိကာမတို့၌ ပစ္စည်းသာဘ်လာဘကို တပ်မက်မောသော တဏှာသဘော ဖြင့် အရေးယူဆက်ဆံခြင်း မည်သည့်အခါမျှ မပြုပေ။

(ဂုဏ်ကြီး ဂုဏ်ငယ်) မည်သည့် ဒါယကာ ဒါယိကာမမျိုးပင် လာရောက်ဖူးမြော်သည်ဖြစ်စေ လိုသည်ထက်ပို၍ လွန်လွန်ကဲကဲ ဧည့်ခံစကားပြောခြင်းဖြင့် အချိန်၏တန်ဘိုးကို ထိခိုက်အောင် အသုံးပြုကာ အချိန်ဖြုန်းမနေတတ်ပေ။ အသင့်အတင့် လိုအပ်သောစကားတို့ကို ပြောဆိုလျှောက်ထားပြီးလျှင် ဆရာတော်၏ အနီးအနားမှ ဖဲသွားကြရသည်သာ ဖြစ်လေသည်။ ထို့ပြင် အပင့်အဖိတ် တစုံတရာ အကြောင်းမရှိပဲ ဒါယကာ ဒါယိကာမတို့အိမ်သို့ အလည်အပတ်သဘောမျိုးဖြင့် ကြွရောက်တော်မူခြင်းလည်း အလျှင်းမရှိပေ။

မည်သည့် ဒါယကာ ဒါယိကာမကိုမျှ သစ်သီးပေးခြင်း ပန်းပေးခြင်းစသော သဒ္ဓါစစ် သဒ္ဓါမှန်ပျက်စေသည့် "ကုလဒူသနအနေသန" အမှုကို ပြုလုပ်ခြင်းဖြင့် ဖြားယောင်းသွေးဆောင် ဆွဲငင်လေ့မရှိ။

စားသောက်ဖွယ်များ မည်မျှပင် ပေါများသော်လည်း ကျောင်းရောက်လာသော ဒါယကာ ဒါယိကာမများကို (ဆွေမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ) မည်သည့်အခါမျှ ထုတ်ဆောင်ကျွေးမွေးလေ့ ပြုတော်မမူပေ။ အမြဲတမ်း ဆွမ်းဝတ်တည်နေသော ဒါယကာ ဒါယိကာမများကိုသော်မှလည်း ကျွေးမွေးခြင်း မပြုပေ။ ဤမျှအထိ ကုလဒူသန အပြစ်ဘေးမှ ကင်းဝေးအောင် စောင့်စည်းတော်မူလေသည်။

ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီး၏ "အာဇီဝပါရိသုဒ္ဓိသီလ" တော်သည်ကား ခရုသင်းပွတ်သစ် ပုလဲနှစ်ကဲ့သို့ စင်စစ်တူလှစွာ၏။ ဝစီဝိညတ်ဖြင့် တောင်းခံ၍ ရအပ်သော ဆွမ်းဘောဇဉ်ကို ထားဘိဦး၊ ဝစီဝိညတ် ဝိပ္ပါရ

(ဝစီဝိညတ် အဆင့်ဆင့် ပြန့်သွားမှု)ကြောင့် ဖြစ်ပေါ်လာသော ဆွမ်းဘောဇဉ်ကိုသော်မှ စက်ဆုပ်ရွံရှာတော် မူပေ၏တကား။

**ကြည်ညိုဘွယ်မဆုံးသော နောက်ဆုံးသာဓက**

ဤနေရာ၌ ကျေးဇူးရှင်ဆရာတော်ဘုရား၏ သီလတော်ကို ချစ်ခင်ပုံနှင့် စပ်သော ထူးခြားသည့် ဖြစ်ရပ်တခုကို နောက်ဆုံးသာဓကအဖြစ် တင်ပြလိုက်ပါသည်။

ပံ့တော်မူအုံ့ဆဲဆဲဖြစ်၍ အားတော်ကုန်ခန်း ညှိုးနွမ်းနေသော အချိန်သို့ရောက်၍ နေပေပြီ။ ဝါဂွမ်းစကို နို့ရည်ဆွတ်၍ အာစက်ကလေးများကို ညှစ်ချဆက်ကပ် ပေးနေရသည်။ ထိုမျှလောက် အသက်ကို လုယက်နေရသည့်အချိန်မှာပင် ဆရာတော်ဘုရားသည် လူဒါယကာများ၏တိုက်ကျွေးမှုကိုမခံပဲ အကပ်ခံပြီးသော တပည့်ရဟန်းတို့၏ ဆက်ကပ်မှုကိုသာ ခံယူတော်မူခဲ့ရှာသည်၊ ဤမျှအထိ သီလတော်ကို မိမိအသက်နှင့်ထပ်တူ ချစ်ခင်တော်မူလေသည်။

နံနက် ၁၁-နာရီ အချိန်သည် နေ့စဉ် နေ့ဆွမ်းဘုဉ်းပေးသော အချိန်ဖြစ်၏။ တပည့် ရဟန်း သာမဏေတို့လည်း ထိုအချိန်သို့ရောက်လျှင် ခေါင်းလောင်းထိုး ဆွမ်းစားကြမြဲ ဖြစ်လေသည်။

ထိုနေ့၌လည်း အစဉ်အလာမပျက် ခေါင်းလောင်းထိုး ဆွမ်းစားကြပြီး ဆရာတော်ဘုရား၏ အနားသို့သွား၍ နို့ရည်ကို ဝါဂွမ်းတွင်ဆွတ်ကာ အရည်ညှစ်ချ ဆက်ကပ်ရာ မျိုသွင်းခြင်း မပြုတော့ဘဲ အနားရှိ ထွေးခံထဲသို့ နို့ရည်ကို ထွေးပစ်

လိုက်လေသည်။ ရှုတ်တရက်သော် မသောက်သုံးနိုင်တော့၍ ထွေးပစ်လိုက်လေသလားဟု ထင်မှားမကောင်း ဖြစ်ကြရ၏။ အထင်နှင့်အမြင် ပါစင်အောင်လှဲတော့သည်၊ ဆရာတော်သည် ခေါင်းလောင်းသံကြားပြီးသည်မှာ ကြာပြီဖြစ်၍ နေမွန်းတည့် နေပြီဟု အတိအကျ ယူဆထားသောကြောင့် ထွေးပစ်တော် မူလိုက်ခြင်းသာဖြစ်ပေသည်။ အသက်ထက်ဆုံး ကြည်ညိုမဆုံး နိုင်လောက်သော သီလတော်ပါပေတည်း။

> "အသက်စွန့်ပစ်၊ အဥချစ်သော၊ ယစ်မ ထုံးမှီ၊ စာမရီ မြီးစောင့်၊ သားကောင့်အမိ၊ မျက်စိတခု၊ စောင့်ထိန်း ပြုသို့"။

သိက္ခာပုဒ်တခုကို လွန်ကျူးမှုအရာဝယ် ကျေးဇူးရှင်ဆရာတော် ဘုရားသည် အသက်ကိုပင် မငဲ့ကွက်ပဲ အသက်ထက်ဆုံး စောင့်ထိန်းလာသော သိက္ခာပုဒ်ကို အပျက်မခံပေ၊ သေလို လျှင် သေစေတော့ဟု ခံတွင်းသို့ရောက်ပြီးဖြစ်သော နို့ရည် များကို ထွေးပစ်လိုက်ခြင်းဖြစ်လေသည်။

ပါတိမောက္ခံ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊
န ဘိန္ဒေ သီလသံဝရံ။ ။

[ပါတိမောက္ခ သံဝရသီလကို ဖြူစင်စေလိုမူ မိမိအသက် တ ချောင်းကိုသော်လည်း စွန့်မူစွန့်ရာ၏။ ဆရာဘုရားပညတ်ထား သော သီလစောင့်စည်းမှုကို အလျှင်းပင်မဖျက်ရာ မစွန့်ရာ။]

(ဝိသုဒ္ဓိမဂ်၊ ပဌမအုပ်။ နှာ-၃၅)

"ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။ ။

[ယစ်မသည် (သို့မဟုတ်၊ တိတီတူးငှက်မသည်) မိမိအဥကို အသက်ကိုမငဲ့ စောင့်သကဲ့သို့ရင်း၊ စာမရီသားသည် မိမိမြီးဆံကို စောင့်သကဲ့သို့ရင်း၊ သားတယောက်သာရှိသော မိခင်သည် တဦးတည်းသော သားချစ်ကို စောင့်သကဲ့သို့ရင်း၊ မျက်စိတဖက်သာရှိသူသည် ကျန်တဖက်ကို စောင့်သကဲ့သို့ရင်း၊ ထို့အတူ အစဉ်စောင့်သူ အလွန်ချစ်သူ အခါခပ်သိမ်း ရိုသေသူများ ဖြစ်ကြလော့။]

(ဝိသုဒ္ဓိမဂ်၊ ပဌမအုပ်။ နှာ-၃၄)

ဤမည်သော မိန့်ကြားစကားတို့သည် ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ သီလတော်၌ ချစ်ခင်ပုံကို ရည်ညွှန်း၍ ချီးကျူးမိန့်ကြားတော်မူခဲ့သော စကားများပမာ ဖြစ်၍ နေပေသည်။

**အရှင်သာရိပုတ္တရာ၏ ထုံးသာကေ** ကျေးဇူးရှင်ဆရာတော်ဘုရား၏ "အာဇီဝပါရိသုဒ္ဓိသီလတော်"ကား အလွန်ကြည်ညိုဘွယ် ရှိ၏။ ဓမ္မသေနာပတိ (တရားစစ်သူကြီး)ဖြစ်သော အရှင်သာရိပုတ္တရာ၏ ထုံးကို နှလုံးသွင်းတော်မူ၍ ဖြည့်ကျင့်တော်မူခဲ့သည်ဟု ဆိုလျှင်လည်း မှားနိုင်မည်မထင်မိပေ။

"တရံရောအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် အရဟာတ္တဖိုလ်သမာပတ်ကို ပွါးစေလျက် အရှင်မောဂ္ဂလာန်နှင့်အတူ တခုသောတောအုပ်၌ နေလေ၏။ တနေ့သောအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးမှာ လေနာထ၍ ဆင်းရဲရောက်နေရရှာသည်။ အရှင်မောဂ္ဂလာန် မထေရ်ကြီးသည် ညနေချမ်းအချိန်တွင် အရှင်သာရိပုတ္တရာအား ပြုစုပေးရန်အတွက် သတင်းမေးရောက်လာ၏။ လျောင်းလျက်နေသော အရှင်သာရိပုတ္တရာကို တွေ့ရသည့်အတွက် ရောဂါအခြေအနေကို မေးမြန်းပြီးနောက် "ငါ့ရှင်၊ နောက်တုန်းက ဘယ်လိုဆေးဝါးမျိုးဖြင့် ချမ်းသာရာ ရဘူးသလဲ"ဟု ဆက်လက်မေးမြန်းသောအခါ လူဖြစ်စဉ်က မိခင်ဖြစ်သူ ချက်ကျွေးသော ထောပတ် ပျားသကာများရောထားသည့် နို့ရည်သန့်သန့် ထမင်းဖြင့် ချမ်းသာရာရခဲ့ဘူးကြောင်း အရှင်သာရိပုတ္တရာက ပြန်လှန်ပြောပြလေသည်။

ငါ့ရှင်၊ ဒီလိုဆိုကောင်းပြီ၊ အကယ်၍ ငါ့ရှင်အားရင်း ငါ့အားရင်း ကံရှိခဲ့လို့ရှိလျှင် နက်ဖြန်တောင် ရများရလေမလားမသိဘူးဟု အရှင်မောဂ္ဂလာန်မထေရ်ကြီးလည်း အားပေးစကား ပြန်ကြားပြောဆိုလိုက်ပေသည်။

ထိုမထေရ်နှစ်ပါးတို့၏ အပြန်အလှန် ပြောနေကြသော စကားမျိုးစုံကို စကြံဦးက သစ်ပင်စောင့်နတ်ကြား၍ နက်ဖြန် အရှင်သာရိပုတ္တရာအတွက် နို့ရည်(ဃနာနို့)ဆွမ်းကို ရအောင် ငါလုပ်မည်ဟု ကြံလေသည်။ ကြံပြီး မကြာခင်မှာပင် အရှင်သာရိပုတ္တရာ၏ ဆွမ်းဒါယကာအိမ်သို့သွားပြီး သားကြီးဖြစ်သူကို ပူးဝင်နှိပ်စက်လေတော့သည်။

ထိုအခါ ဆေးကုလိုသောကြောင့် စည်းဝေးနေကြသော ဆေ့မျိုးများကို "နက်ဖြန် အရှင်သာရိပုတ္တရာအတွက် နို့ရည် (နို့ဃနာ)ဆွမ်းချက်ခဲ့လိုရှိလျှင် လှူတ်ပေးမည်"ဟု ပြောလေသည်။ ဆွေမျိုးများသည် သင်မဆိုသော်လည်း ငါတို့သည် မထေရ်များအတွက် ဆွမ်းဝတ်အမြဲပြု၍ လှူနေသူများ ဖြစ်ကြောင်း ပြော၍ နောက်နေ့၌ နတ်ခပြောသော နို့ရည် (နို့ဃနာ)ထမင်းကို စီမံကြလေသည်။

အရှင်မောဂ္ဂလာန်မထေရ်ကြီးသည် စောစောပင်သွား၍ ငါ့ရှင် ဆွမ်းခံရာမှ ငါပြန်လာသည်အထိ ဤအရပ်၌သာ စောင့်နေပါဟု ပြောဆိုမှာကြားပြီး ရွာထဲသို့ ဝင်သွားတော်မူလေသည်။ အရှင်သာရိပုတ္တရာ၏ ဆွမ်းဒါယကာများလည်း ခရီးဦးကြိုဆို၍ အရှင်မောဂ္ဂလာန်၏ သပိတ်ကိုယူပြီး နို့ဃနာ ဆွမ်းများပြည့်အောင် ထည့်၍ ပေးလှူကြလေသည်။ အရှင်မောဂ္ဂလာန်မထေရ်ကြီးက ပြန်ကြွမည့်အခြေအနေကို ပြသောအခါ ဆွမ်းဒါယကာ ဆွမ်းအမများက "အရှင်ဘုရား ဘုဉ်းပေးတော်မူပါ၊ တပါးသော နို့ဃနာဆွမ်းကိုလည်း လှူလိုက်ပါမည်"ဟု လျှောက်ထား၍ မထေရ်မြတ်ကြီးအား နို့ဃနာဆွမ်းကို ဆက်ကပ်ပြီး နို့ဃနာဆွမ်းများကို သပိတ်အပြည့် နောက်ထပ်ပေးလှူလိုက်ပေသည်။

အရှင်မောဂ္ဂလာန်မထေရ်သည် ပြန်ကြွ၍ "ငါ့ရှင် သာရိပုတ္တရာ၊ ယူပြီးစားပါ"ဟု ဖိတ်ကြားဆက်ကပ်၏။ အရှင်သာရိပုတ္တရာမထေရ်လည်း စိတ်ဟိုင်းကျချက်ပြုတ်ထားသော နို့ဃနာဆွမ်းများကို မြင်လေလျှင် ဘယ်အကြောင်းဖြင့် ဖြစ်သနည်းဟု ဆင်ခြင်ကြံဆတော်မူလေသည်။

ထို နို့ဃနာဆွမ်းဖြစ်လာခြင်း၏ အကြောင်းရင်းစစ်မြစ်ကို မြင်ပြီးလျှင် ငါ့ရှင် မောဂ္ဂလာန် "နို့ဃနာဆွမ်းသည် မသုံးဆောင်ထိုက်"ဟု မိန့်ကြားတော်မူ၏။ အရှင်မောဂ္ဂလာန်လည်း "ငါလိုမထေရ်တပါး ဆောင်ကြဉ်းလာသော ဆွမ်းကို မသုံးဆောင်ပဲရှိရလေ"ဟု စိတ်ကွက်ခြင်းမျှမဖြစ်ပဲ တခွန်းတည်းသောစကားဖြင့်ပင် သပိတ်ကို မျက်နှာဝဠ်ကိုင်ပြီး သင့်တော်သော တနေရာ၌ မှောက်သွန်ပစ်လိုက်လေသည်။

နို့ဃနာဆွမ်း မြေကြီးပေါ်မှာ တည်သည်နှင့် တပြိုင်နက် အရှင်သာရိပုတ္တာရာမှာ လေနာပျောက်သွားလေသည်။ ထိုနေ့ ထိုအချိန်မှစပြီး ၄၅-နှစ်ပတ်လုံး နောက်ထပ် ပေါ်မလာတော့ပေ။

ထိုနောက် အရှင်မောဂ္ဂလာန်ကို ပြောပြ၏။ ငါ့ရှင် ဝစီဝိညတ်ကိုမှီပြီးဖြစ်လာသော နို့ဃနာဆွမ်းသည် အူခွေအူမများ မြေပေါ်မှာ ဆာလွန်း၍ ထွက်ကျသွားသော်လည်း သုံးဆောင်စားသောက်ရန် မသင့်သော သဘောရှိပေသည်ဟု ပြောကြားပြီးနောက် အောက်ပါဥဒါန်းများကို မြွက်ကြားကျူးရင့်လိုက်ပေသည်။

**အရှင်သာရိပုတ္တာရာ၏ ဥဒါန်းစကား**

ဝစီဝိညတ္တိဝိပ္ဖါရာ၊
ဥပ္ပန္နံ မဓုပါယာသံ။
သစေ ဘုတ္တော ဘဝေယျာဟံ၊
သာဇီဝေါ ဂရဟိတော မမ။ ။

[ဝစီဝိညတ်ပြန့်ခြင်း (နှုတ်မြွက်မိခြင်း)ကြောင့် ဖြစ်သော နို့ဃနာဆွမ်းကို စားမိသည် အကယ်၍ဖြစ်အံ့။ ငါ၏အသက်မွေးခြင်းသည် ကဲ့ရဲ့အပ်သည်ဖြစ်ရာ၏။]

ယဒိပိ မေ အန္တဂုဏာ၊
နိက္ခမိတွာ ဗဟိ စရေ။
နေဝ ဘိန္ဒေယျံ အာဇီဝံ၊
စဇမာနောပိ ဇီဝိတံ။ ။

[ငါ၏ အူခွေသည် အပြင်သို့ထွက်၍ အကယ်၍ သွားအံ့၊ ဤသို့ အူထွက်၍ အသက်ကိုစွန့်ရစေကာမူ သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းကို ငါမဖျက်ပေ။]

အာရာဓေမိ သကံ စိတ္တံ၊
ဝိဝဇ္ဇေမိ အနေသနံ။
နာဟံ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊
ကာဟာမိ စ အနေသနံ။ ။

[ငါသည် မိမိစိတ်ကို နှစ်သက်စေအံ့၊ မအပ်သော ရှာမှီးခြင်းကို ရှောင်ကြဉ်အံ့၊ မြတ်စွာဘုရား စက်ဆုပ်အပ်သော ရှာမှီးခြင်းကို မပြုအံ့သည်သာတည်း။]

(ဝိသုဒ္ဓိမဂ်၊ ပဌမအုပ်၊ နှာ-၄၀)

မရှာ မရှား အကျင့်ပျက်က နရက်ပါယ်ထဲ လွတ်နိုင်ခဲဟု ရှာ မှ ရှား အမြဲမြင်သိ ဉာဏ်မျက်စိရှိသော သာကီယ ဇာတ် ရဟန်းမြတ်သည် မသင့်မအပ် မလျော်ကန်ပတ်သော ရှာမှီးခြင်းအတွက် ဆွဲငင်ရစ်ချိတ် မြှူလိုစိတ်မျှကိုလည်း တရံတဆစ် သတိလစ်၍မျှ မဖြစ်စေရပဲ "အာဇီဝပါရိသုဒ္ဓိသီလ" ကို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကဲ့သို့ အညစ်အကြေး ယှက်ထွေးမထင် ဆေးကြောသုတ်သင် ဖြူစင်စေတော်မူသော ကျွန်ုပ်တို့၏ ကျေးဇူးရှင် ထိပ်ခေါင်တင်

ဆရာတော်ဘုရားကား ဝိနည်းအရာ၌ အလွန်စောင့်ရှောက်နိုင်ခဲ့သော အမှုများကို ကြီးစွာသော သတိတရားဖြင့် မကျိုးမပေါက်အောင် ကောင်းစွာ စောင့်ရှောက်နိုင်သော အာဇာနည် ပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်ပေသည်။

"မွေးဆံနက်ကျော၊ ကျီးဖြင်ပေါ်ဝယ်၊ မွေးနှောမပါ၊
အဖြူရှာလည်း၊ တည်မှာမရ၊ ခက်ခဲလှသို့၊ ဆွဆွဖွေးဖွေး၊
ကိုယ်မွေးမြီးတောင်၊ ဗျိုင်းကုန်အောင်တွင်၊ တကောင်
အဖို၊ ရစေလိုလည်း၊ အိုသော်-အိုငြား၊ ငှက်ယောကျ်ား
ကို၊ ဝန်းလျှားလှည့်ပတ်၊ မရတတ်သို့၊ စိမ်းလတ်ညိုညို၊
နှစ်လိုရွှန်းရွှန်း၊ ရေသဖန်းကို၊ ကျယ်ဝန်းတောခြေ၊
အပွင့်ဖွေလည်း၊ ဖြစ်ထွေဆန်းပြား၊ တပွင့်ထား၍၊
ရှက်ကြားအထဲ၊ ပန်းဆန်ကွဲမျှ၊ အမြဲမထွက်၊ ရမည်ခက်သို့"

ဟူသော အရှင်အဂ္ဂသမာဓိ၏ နေမိပျို့ ကဗျာကဲ့သို့ ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် အကျင့်သီလ သိက္ခာအရာတွင် မရှာမရှား ရှာမှရှားလောက်အောင် လွန်စွာ ထူးခြားမွန်မြတ်လှသော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါပေသည်။

**အကျင့်သီလ ဖြူစင်လှပုံ** ကျေးဇူးရှင်ဆရာတော်ဘုရားသည် ဝိနည်းသိက္ခာ အကျင့်သီလတော်ကို အသက်ကဲ့သို့ အလေးမူ၍ အရေးတယူ စောင့်စည်းတော်မူခဲ့ခြင်းကြောင့် ဆရာတော်၏ သီလသည် ညစ်ကြေးမတင် လွန်သန့်စင်ကာ ဖွေးဖြူလှစွာ၏။ အရဟတ္တဖိုလ်၏ နီးစွာသော အကြောင်းလည်းဖြစ်၏။

"ပုထုဇ္ဇနကလျာဏကာနံ သီလံ ဥပသမ္ပဒတော ပဋ္ဌာယ သုဓောတဇာတိမဏိ ဝိယ သုပရိကမ္မကတသုဝဏ္ဏံ ဝိယ စ အတိပရိသုဒ္ဓတ္တာ စိတ္တုပ္ပါဒမတ္တကေနပိ မလေန ဝိရဟိတံ အရဟတ္တဿေဝ ပဒဋ္ဌာနံ ဟောတိ၊ တသ္မာ ပရိပုဏ္ဏပါရိသုဒ္ဓိတိ ဝုစ္စတိ။"

[ပုထုဇဉ်ကလျာဏ ပုဂ္ဂိုလ်တို့၏သီလသည် ပဉ္စင်းဖြစ်သည်မှစ၍ ကောင်းစွာပွတ်သွေး ဆေးအပ်ပြီးသော ပတ္တမြားစစ်ကဲ့သို့ရင်း၊ ကောင်းစွာကျင်အပ်ပြီးသော ရွှေစင်ကဲ့သို့ရင်း၊ အလွန်စင်ကြယ်သည်၏ အဖြစ်ကြောင့် စိတ်ဖြစ်ကာမျှဖြင့်သော်လည်း ကိလေသာ-ဟူသောအညစ်အကြေးမှ ကင်းသည်ဖြစ်၍ အရဟတ္တဖိုလ်၏သာလျှင် နီးစွာသောအကြောင်း ဖြစ်၏။ ထို့ကြောင့် ပရိပုဏ္ဏပါရိသုဒ္ဓိသီလ(ထက်ဝန်းကျင် အပြည့်အဝ စင်ကြယ်သော သီလ)ဟူ၍ ဆိုအပ်၏။]

(ဝိသုဒ္ဓိမဂ်၊ပဌမ၊နှာ-၄၅)

ယင်းသို့ ဝိသုဒ္ဓိမဂ်၌ ဆိုအပ်သောသီလမျိုးကား ကျေးဇူးရှင် ဆရာတော်ဘုရား၏ သီလမျိုးပေတည်း။

**ပစ္စည်းတို့၌ ရိုသေစွာသုံးစွဲပုံ**

ဆရာတော်သည်"ဟုတ်တိုင်းပြော၍၊ ပြောတိုင်း ကျင့်တတ်သူ" ဖြစ်၏။ ပစ္စည်း ပရိဘောဂ သုံးစွဲမှုနှင့်စပ်လျဉ်း၍ "သူတပါး လှူတဲ့ပစ္စည်းကို ရိုရိုသေသေ သုံးရတယ်။ လှူသူတို့၏ သဒ္ဓါတရားတို့ကို ပျက်စီးအောင်"ဒုပ္ပရိဘောဂ"အဖြစ်မျိုးနဲ့ မသုံးထိုက်ဘူးကွဲ့"ဟု အမြဲလိုပင် သတိပေးဆုံးမတော်မူလေ့ရှိ၏။

ကိုယ်တော်တိုင်လည်း သင်္ကန်း၊ သပိတ်၊ ထီး၊ ဘိနပ်၊ ညောင်စောင်း၊ ကျောင်းစသော အသုံးအဆောင် မှန်သမျှကို မကောင်းသော သုံးဆောင်ခြင်းဖြင့် မည်သည့်အခါမျှ သုံးဆောင်တော်မမူ။ မပျက်မစီးအောင် အလွန်ရိုသေစွာ စောင့်ရှောက် သုံးဆောင်တော်မူလေ့ ရှိသည်။ ထို့ကြောင့်လည်း ဆရာတော်၏ ကျောင်း၌ အသုံးအဆောင် ပစ္စည်းပရိဘောဂတို့သည် လိုလေသေးမရှိအောင် ပြည့်စုံလှ၏။ နေထိုင်သော တပည့် များစွာတို့ အတွက်ကား လွန်စွာပင် ချမ်းသာလှပေသည်။

**အလိုနည်းတော်မူခြင်း။** ။သာသနာ့ဘောင်သို့ ရောက်လာသူတို့သည် အလိုကြီး၍ ရောက်လာကြသည် မဟုတ်၊ အလိုနည်း၍ ရောက်လာကြခြင်းဖြစ်၏။ ထို့ကြောင့် အလောဘ အဝတ်ကိုဝတ်၍ အလောဘအသုံးကို သုံးပြီးလျှင် အလောဘအကျင့်ကို ကျင့်ကြရလေသည်။ သို့ရာတွင် မိမိတို့၏ သန္တာန်၌ရှိသော လောဘကို အကြွင်းမဲ့ ပြတ်တန်သမျှ ပြတ်အောင် သတ်နိုင်သမျှ သတ်နေကြရသူ ပုဂ္ဂိုလ်တို့အဘို့ကား လောဘအာရုံကို အဝေးမှ ရှောင်ကြဉ်ရခြင်း၌သာ လွယ်ကူ၍ အနီးသို့ ရောက်လာခဲ့လျှင်ကား အထူး ရှောင်နိုင်ခဲလှပေသည်။ "ဘုန်းကြီးလောဘ အနန္တ"ဟု ဆိုရလောက်အောင် လောဘတရားများ သတ်လေ-ရှင်လေ ဖြစ်လာတတ်ကြချေ၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား ယင်းသို့ မဟုတ် လောဘအာရုံနှင့် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ထူး

ခြားမှုမရှိ။ ပင်ကိုယ်သဘာဝအားဖြင့်ပင် အလိုနည်းလှပေသည်။ "အပ္ပိစ္ဆ"ဂုဏ်နှင့် ပြည့်စုံလှပေသည်။

ကျောင်းဦးရှိ စေတီပုထိုးဟောင်းများကို အသစ်တဖန်တည်ထားတော်မူခြင်း၊ ရွှေသင်္ကန်း၊ မှန်သင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ အင်ဂျင်စက်မီးတို့ဖြင့် ထိန်ထိန်ညီးအောင် နေ့စဉ်မပြတ် ထွန်းညှိပူဇော်ခြင်း၊ လက်ပံသာကျောင်းကြီး၌ အစဉ်အလာမပျက် ပဝါရဏာပွဲတော်ကြီး ကျင်းပကာ နှစ်ရက်-သုံးရက်ဆက်၍ ဂိုဏ်းလုံးကျွတ်သံဃာတော်များအား အုန်းဆွမ်း, ထောပတ်ဆွမ်း စသည်တို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ အလှူအတန်းတို့မှ ရရသမျှသော ထီး၊ ဘိနပ်၊ သင်္ကန်း စသည့်ရဟန်း အသုံးအဆောင်များကို တပည့်များအား ဝေပုံချ၍ နှစ်စဉ်နှစ်တိုင်း လှူဒါန်းခြင်းစသော စွန့်လွှတ်ရေး လုပ်ငန်းရပ်တို့သည် ဆရာတော်ဘုရားကြီး၏ အပ္ပိစ္ဆ=(အလိုနည်းခြင်း)ဂုဏ်တော်ကို အထူးပေါ်လွင်ထင်ရှားစေသော လုပ်ငန်းများ ဖြစ်ကြပေသည်။

ဆရာတော်သည် သူတပါးတို့အား ဤမျှအထိ ရက်ရောစွန့်လွှတ်ပေးကမ်းနိုင်ခြင်းသည် မိမိအတွက် ငဲ့ကွက်ခြင်းကင်း၍သာ ဖြစ်၏။ ရသမျှသောအဝတ်ကိုဝတ်ခြင်း၊ ရသမျှသောအစာကိုစားခြင်း၊ ရဟန်းတပါးအရမှစ၍ အသားစား ရှောင်ကြဉ်ခဲ့ခြင်း၊ မည်သည့်အစာကို စားလိုသည်၊ မည်သို့လုပ်ပေးစမ်းဟူ၍ မည်သည့်အခါမျှ မိန့်ကြားတော်မမူခဲ့ခြင်း စသည်တို့ကား ဆရာတော်ဘုရားကြီး၏ မိမိအတွက် ငဲ့ကွက်ခြင်းကင်း၍ ရောင့်ရဲလွယ်ခြင်း ရှိလှပုံ၊ အလိုနည်းပုံ အကျင့်ဂုဏ်တို့ကို ထင်ရှားသိသာစေသောသာဓကများပင် ဖြစ်ပေသည်။

**အကျော်အစောကို မနှစ်သက်ပုံ** နာမည်ကြီးသူ ကျော်စောသူများကို လူအများက ဆည်းကပ်ကိုးကွယ်တတ်ကြ၏။ ထို့ကြောင့် နာမည်ကြီးမှု ကျော်စောမှုကို နှစ်သက်သူ များကြပေသည်။ ရုပ်ကောင်းသူတို့က ရုပ်ကို အကြောင်းပြု၍ရှင်း၊ အသံကောင်းသူတို့က အသံကို အားကိုး၍ရှင်း၊ အကျင့်ကောင်းသူတို့က အကျင့်ကောင်းမှုကို အခြေခံ၍ရှင်း၊ ပညာတော်သူတို့က ပညာကို ခုတုံးလုပ်၍ရှင်း နည်းအမျိုးမျိုးဖြင့် နာမည်ကျော်အောင် ကျော်စောအောင် ဖန်တီးပြုလုပ်လျက် ရှိကြပေသည်။

အကယ်၍သာ ကျွန်ုပ်တို့၏ကျေးဇူးရှင် ဆရာတော်ဘုရားသည် နာမည်ကြီးမှု ကျော်စောမှုကို နှစ်သက်သဘောကျ၍ ထိုသူတို့လုပ်ထုံးလုပ်နည်းကဲ့သို့ ရုပ်ကောင်းမှု အသံကောင်းမှု အကျင့်ကောင်းမှု ပညာတော်မှုတို့ကို အခြေခံ အခွင့်ကောင်းယူပြီး ဖန်တီးပြုလုပ်မည်ဆိုက ကျော်အောင် မော်အောင် ပြုလုပ်နိုင်သော ရုပ်ဆင်းအင်္ဂါရှိ၏၊ အသံသာ၏၊ အကျင့်ကောင်း၏၊ ပညာတော်၏၊ သို့သော်လည်း ဆရာတော်ဘုရားသည် နာမည်ကြီး၍ ကျော်စောလာမည်ကို လုံးဝနှစ်သက်ခြင်း ရှိတော်မမူပေ။ ရိုးရိုးကျင့် မြင့်မြင့်ကြံ၍ မှန်မှန်လုပ်ပြီး ဗုဒ္ဓရှင်တော်ဘုရား အလိုတော်ကျ ကုပ်ကုပ်နေခြင်းကိုသာ နှစ်သက်တော်မူပေသည်။

ထင်ရှားသော သာဓကကို ဖော်ပြရလျှင် တခါတုန်းက ဆည်သည်တောင် တောရဆရာတော် ဦးသုန္ဒရက ကြည်လင် အေးမြ သာယာလှသော ဆရာတော်၏အသံကို ကြားသည့် အတွက် တရားဟောရန် (ဓမ္မကထိက)လုပ်ရန် တိုက်တွန်း

လျှောက်ထားတော်မူ၏၊ ထိုအခါ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ကျော်ကြားမည့်အလုပ်ကို မိမိမလုပ်လိုကြောင်း ပြန်ကြားလျှောက်ထားခဲ့ဘူးလေသည်။ ဤဖြစ်ရပ်ကို ကြည့်သောအားဖြင့် ဆရာတော်ဘုရားသည် အကျော်အစောကို မနှစ်သက်ဟု တင်ပြအပ်သောစကား၌ အထူးလျှဉ်းပါးဘွယ်မရှိနိုင်တော့ပါ။

ထို့ပြင် နှစ်စဉ်နှစ်တိုင်း ဝက်ဝက်ကွဲ စည်ကားသိုက်မြိုက်စွာ ပြုလုပ်နေသော ပဝါရဏာပွဲကြီးများ၌ လူအသိများအောင် လူအလာများအောင် အသံချဲ့စက်ဖြင့် ကျေညာခြင်းမျိုး တရံတခါမျှ မပြုလုပ်ခဲ့ခြင်းမှာလည်း ထင်ရှားသိသာလှသော အချက်တရပ်ပင် ဖြစ်တော့သည်။

**ကိစ္စနည်းတော်မူခြင်း။** ။ကိစ္စမြားမြောင် လူတို့ဘောင်ကို ပယ်ရှောင် စွန့်ခွါလာကြသော ရဟန်းတော်များသည် ကိစ္စနည်းအောင် ကျင့်ဆောင်ရမည်သာ ဖြစ်လေသည်။ သို့မှသာ ဘုရားရှင်၏ သာသနာတော်အလုပ်ကို စောက်ချလုပ်နိုင်ကြပေမည်။ ယင်းသို့မဟုတ်ဘဲ လူတို့၏ အစေအပါးခံ၍ ကိစ္စတွေ ဒုနှင့်ဒေး ရှုပ်ထွေး ပေါများနေမည် ဆိုပါက—

ကိစ္စပေါသူစ ပျင်းသောသူ၊
ရောဂါပေါသူ တယော ဋ္ဌမေ။
သာသနေမှာ ကြာရှည်နေငြား၊
မကြီးပွါး ဟောန္တု သဗ္ဗဒါ။

ဆိုသကဲ့သို့ သာသနာတော်၌ ကြာရှည်နေခြင်းဖြင့် ကြီးပွါးနိုင်ကြမည်မဟုတ်ချေ။

ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်ကား သာသနာ့ပြင်ပလုပ်ငန်းကိစ္စဟူသမျှ၌ စိတ်ဝင်စားခြင်းရှိတော်မမူ၊ ကိစ္စနည်းအောင်ကျင့်ဆောင်တော်မူလေ့ရှိ၏။ သာသနာ့ပြင်ပ ကိစ္စမျိုးဖြင့် မည်သည့်အခါမျှ ကြွသွားတော်မူလေ့မရှိ။

မည်သည့်အခါမျိုးမှ ငြင်းပယ်ခြင်းမပြုပဲ ကြွသွားတော်မူလေ့ရှိသော ခရီးတမျိုးကားရှိ၏၊ ယင်းခရီးကား သိမ်သမုတ်ခြင်း၊ ရဟန်းခံခြင်းစသော သာသနာပြုကိစ္စနှင့်ဆိုင်သည့် ခရီးများပေတည်း။

**ပညာကြီးမားသူ။** ။လောက၌ ဘုန်းကံကြီးမားသူ၏ အဖြစ်နှင့် ပညာကြီးမားသူ၏အဖြစ်ဟူ၍ ရနိုင်သော အဖြစ်နှစ်မျိုး ရှိ၏။ ယင်းနှစ်မျိုးတို့တွင် ပညာကြီးမားသူ၏ အဖြစ်သည်ကား ပိုမို၍ ရနိုင်ခဲပေသည်၊ မှန်ပေ၏။ ပညာသည် လောကုတ်လောကီ နှစ်လီသော အကျိုးတို့ကို တိုးတက်ဖြစ်ပွါး စေနိုင်ပေ၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် လူမမယ်အရွယ်မှစ၍ ငယ်ဆရာတော် (ဆရာတော် ဦးစာရိန္ဒမထေရ်မြတ်ကြီး) အထံ၌ ပိဋကတ်အခြေခံစာပေများနှင့်တကွ ပါဠိ အဋ္ဌကထာ အထက်တန်း ကျမ်းကြီးများကိုပါ ကုနသေချာစွာ သင်ယူခဲ့ရ၏၊ ထိုနောက် မန္တလေးရွှေမြို့တော်သို့ ကြွရောက်ကာ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီးတွင် ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်တကွ စာပေအကျော် ဆရာ့ဆရာတော်ကြီးများထံ၌ ပညာရင်နို့ ကုန်စင်အောင် သောက်စို့တော် မူခဲ့ရပေသည်။ ဤသို့ကြောင့် ပညာအရာတွင် မာတင်မှန်သောက် တဘက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်တော်မူပြီးသော ဆရာ

တော်တပါးဖြစ်၍ " ပညာကြီးမားသူ "ဖြစ်ကြောင်း ထင်ရှား လှလေပြီ။

**ဘုန်းကံကြီးမားသူ။** ။ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သည် ပညာကြီးမားသူ ကဝိတဆူသာ ဖြစ်သည် မဟုတ်သေး၊ ဘုန်းကံအရာတွင်လည်း လွန်စွာကြီး မားတော်မူလှချေသည်။

နေ့စဉ် တကျိပ်ကျော် သံဃာများနှင့် သာမဏေငါးဆယ် ကျော် ကျောင်းသားတရာကျော်တို့အတွက် ဆွမ်းဘောဇဉ် ခဲရာစုံတို့သည် စားမကုန်သောက်မကုန်အောင် ပေါများလျက် ရှိသည်။

မြေအိုးဖြင့်ချက်သော ဆွမ်းကိုသာ ဘုဉ်းပေးတော်မူသော ဆရာတော်ဘုရားအတွက်ကား ဆီးပင်ကုန်းရွာမှ နှမဖြစ်သူ ဒေါ်စိန်က ဝတ်မပျက်တာဝန်ယူ ဆက်ကပ်လေသည်။ ဒေါ်စိန် ကွယ်လွန်ပြီးနောက်၌ကား ၎င်း၏သားသမီးများဖြစ်ကြသော ဦးထွန်းမြိုင် ဒေါ်ငွေးညွန့်တို့က ဆွမ်းတအုပ်၊ ဆရာဦးချစ်တင် ဒေါ်ချစ်ဘိုင်တို့က ဆွမ်းတအုပ်၊ မောင်တင်လှ မမြလှိုင်တို့က ဆွမ်းဟအုပ်နှင့် ညောင်ပင်ပုရွာမှ ဆရာတော်၏ နောင်တော် ဖြစ်သူ ဦးထိန် ဒေါ်ရင်တို့ကဆွမ်းတအုပ်၊ ဦးထိန်ကွယ်လွန်ပြန် သောအခါ ဒေါ်ရင်-ဒေါ်ခင်တို့က ဝတ်မပျက် တာဝန်ယူ၍ ဆွမ်းအုပ်များချက်ကာ ဆက်ကပ်လှူဒါန်းကြလေသည်။

ဆီးပင်ကုန်းရွာ တောင်ကိုင်းရွာ ညောင်ပင်ပုရွာ ကျောင်း ဆိပ်ရွာ လေးရွာစုပေါင်း၍ ထာဝရ ကိုးကွယ်ဆည်းကပ်ကာ နေ့စဉ်လှူဒါန်းကြသော ဆွမ်းဘောဇဉ်တို့သည် နောက်ဆုတ်

လျော့နည်းသွားသည်ဟူ၍မရှိ၊ တနေ့တခြား တိုးပွါးများပြား၍သာ လာပေသည်။

ဆရာတော်လက်ထက်၌ ဆွမ်းအာဟာရဘက်မှာသာ ပြည့်စုံသည်မဟုတ်၊ ကျောင်းအဆောက်အဦများလည်း အထူးတိုးတက်ဖြစ်ပွါးလာကြပေသည်၊ ဖြစ်ပေါ်လာသော ကျောင်းအဆောက်အဦများမှာ—

* ၁၃၀၀-ပြည့်နှစ်တွင် ဆည်သည်ရွာမှ ဦးရိုက်-ဒေါ်မှီ သားသမီး တစုတို့က ဆောက်လုပ်လှူဒါန်းသော ၄-ခန်း ၅-ခန်းစမြင်နှင့် ကျောင်းတဆောင်။
* ၁၃၀၂-ခုနှစ်တွင် ညောင်ပင်ပုရွာမှ ဦးမြ-ဒေါ်ခင် သားသမီး တစုတို့က သိမ်ဟောင်းဖျက်၍ အသစ်ဆောက်လုပ် လှူဒါန်းသော ၃-ခန်း ၄-ခန်း သိမ်ကျောင်းတဆောင်။
* ၁၃၁၀-ခုနှစ်တွင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် (မည်သည့်ပုဂ္ဂိုလ် တဦးတယောက်ထံမှ အလှူခံခြင်းမပြုပဲ) အသစ်တဖန် ပြုပြင်တည်ထားကိုးကွယ်ပူဇော်သော စေတီတဆူ။
* ၁၃၁၁-ခုနှစ်တွင် စေတီတော်တွင် တင်လှူသော ရွှေထီးတော်။
* ၁၃၁၄-ခုနှစ်တွင် စေတီတော်တွင် မီးပူဇော်ရန် အင်ဂျင်စက်။
* ၁၃၁၄-ခုနှစ်တွင်ပင် ဆည်သည်ရွာမှ ကျောင်းဒါယကာ ဦးရိုက်-ဒေါ်မှီ သားသမီးတစုတို့က ရွှေထီးအမအုတ်

ဖြင့် ဆောက်လုပ်ခဲ့သော အာရုံခံမဏ္ဍပ်ရုံဟောင်းနေရာ၌ အသစ်ဆောက်လုပ်လှူဒါန်းသော အာရုံခံ မဏ္ဍပ်ရုံ သစ်တဆောင်။

* ၁၃၂၅-ခုနှစ်တွင် ဆီးပင်ကုန်းရွာ တောင်ကိုင်းရွာ ညောင်ပင်ပုရွာ ကျောင်းဆိပ်ရွာမှ ဆရာတော်၏ တပည့်ကြီးငယ်အများက ဆောက်လုပ်လှူဒါန်းသော ၄-ခန်း ၆-ခန်းကျောင်းကြီးနှင့် ၄-ဧကခန့်ကျယ်သော ကျောင်းဝင်းပတ်လည် မဟာရံတံတိုင်းကြီး။

* ညောင်ပင်ပုရွာမှ ဦးစံမြ-ဒေါ်စီ သားသမီးတစုတို့က ဆောက်လုပ် လှူဒါန်းသော မြောက်ဘက် မုခ်ဦး ပြာသာဒ်။

* တောင်ကိုင်းရွာမှ ဦးလှအောင် ဒေါ်အုန်းခိုင် သားသမီးတစုတို့က ဆောက်လုပ်လှူဒါန်းသော တောင်ဘက်မုခ်ဦးပြာသာဒ်။

* ၁၃၂၅ ခုနှစ်တွင် ညောင်ပင်ပုရွာမှ ဦးစံရ သားသမီးတစုတို့က ဆောက်လုပ်လှူဒါန်းသော ၂-ခန်း ၃-ခန်း ဆွမ်းစားကျောင်း။

* ညောင်ပင်ပုရွာမှ ဦးဘဖေ ဒေါ်အိမ်ကြီး သားသမီးတစုတို့က လှူဒါန်းသော တသောင်းတန် မီးတင်းကုပ်ကုဋီနှင့် ခေါင်းလောင်းထမ်းစင်ရွှေထီးများ။

* ၁၃၀၂ ခုနှစ်ခန့်တွင် ကျောက်မြောင်းမြို့နယ် ဆယ်ပင်ကျွန်းရွာမှ တပည့်ဦးညိုက လှူဒါန်းသောရေတွင်း- စသည်အားဖြင့် အထူးပင်များပြားလှပေသည်။တစိတ်

တဒေသမျှ အထက်တွင် ဖော်ပြခဲ့သော လာဘ်လာဘအခြေ အနေတို့ကို သိရခဲ့လျှင် ဘုန်းနှင့်သမ္ဘာ ထပ်ချပ်ပါလာသော ဆရာတော်ဘုရားကြီး၏ ကြီးမားလှသော ဘုန်းကံပါရမီဂုဏ်ကို လေးစားစွာ အာရုံပြုကြည်ညိုနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါ သည်။

**နေ့စဉ်မချွတ် စာကြည့်ဝတ်** ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် နေ့ စဉ်မချွတ်အောင် စာကြည့်ဝတ်ထား၍ အမြဲ ထာဝရ ကြည့်ရှုတော်မူလေသည်။ ဆွမ်းစား ပြီးလျှင် ရေချိုးတော်မူသည်၊ ထိုနောက် မိမိသတင်းသုံးတော် မူရာ ကျောင်းကြီးအောက်သို့ ကြွရောက်၍ ရေသနုပ်သင်းပိုင် တော်ကိုခင်းပြီး ဝါးဘိုးခေါင်းအုံးကို အုံးတော်မူလျက် ၁၂-နာရီ မှ ညနေ ၄-နာရီတိုင် စာပေကျမ်းဂန်အတန်တန်တို့ကို မှန်မှန် ကြည့်ရှုတော်မူလေသည်။ နောက်ဆုံး ပျံလွန်တော်မမူမီ ကြည့်ရှုတော်မူသွားသော စာအုပ်ကား "နိဗ္ဗာန်ကိုသွား ဉာဏ်ရထား" မည်သော စာအုပ်ဖြစ်၏။ ငါကား ဉာဏ်ရထား ကိုစီး၍ နိဗ္ဗာန်ခရီးကို ကြွတော့မည် (သို့မဟုတ်) ကြွသွားပြီ ဟု ကျန်ရစ်သူတပည့်တို့အား ဥပါယ်တမျဉ်ဖြင့် သင်စေတော် မူခဲ့ခြင်းလည်း ဖြစ်နိုင်ရာပါသည်။

ယင်းစာအုပ်ကို ဖတ်ရှုနေဆဲတွင် လေပြင်းမုန်တိုင်းတိုက် ခတ်လာသောကြောင့် ထသွားတော်မူစဉ် မထတော့သော လည်းခြင်းဖြင့် လည်းကျတော်မူခြင်း ဖြစ်ရရှာလေသည်။

ဤသည်တို့ကား ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ စံပြ စိတ်ထားနှင့် အားကျဘွယ် အတုယူဘွယ်ကောင်းလှသော ဂုဏ်တော်များ ဖြစ်ပါသည်။ မှတ်မိသမျှ တစိတ်တဒေသကို

သာ ဖော်ပြထားခြင်းဖြစ်ပါသည်။ အနန္တဂုဏ်တော်သခင်ဖြစ်၍ ကုန်စင်အောင်ဖော်ပြခြင်းငှါ မစွမ်းနိုင်ပါချေ။

ဤမျှလောက် ဂုဏ်အင်ကြီးမား၍ သံသရာတလျှောက်လုံး ကောင်းကျိုးချမ်းသာ ရရှိစေနိုင်သောတရားတို့ဖြင့် ကျွန်ုပ်တို့အား အဆုံးအမပေးသွားသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ကျိုးကြောင်းဆက်သွယ် မျိုးနွယ်ဖြစ်စဉ်ကား အဘယ်နည်းဟူသော အမေးစကား၏ အဖြေကို ဆက်လက်ရှာဖွေရန် လိုအပ်လှပါသည်။

## လက်ပံသာ
## ဆရာတော်ဘုရားကြီး၏
## မျိုးနွယ်ဖြစ်တော်စဉ်

**ဖွားရာဒေသ။** ။ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဖွားသန့်စင်တော်မူရာ "တောင်ကိုင်းမြောက်ဘက်ရွာကြီး" သည် မန္တလေးရတနာပုံမြို့တော်ကြီး၏ မြောက်ဘက် မိုင်ခြောက်ဆယ်ခန့်ဝေးသော စဉ့်ကူးမြို့နယ်အတွင်း၌ ရှိ၏။ စဉ့်ကူးမြို့မှ ဧရာဝတီမြစ်ရိုးအတိုင်း စုန်ဆင်းသွားခဲ့သော် လေးမိုင်ခန့်အရောက် ဧရာဝတီမြစ်မှ ခွဲထွက်သွားသော ချောင်းရိုးတခု ရှိ၏။ ထိုချောင်းကို ကြက်လည်ဆစ်ကဲ့သို့ ကောက်သောကြောင့် "ကြက်လည်ဆစ်ချောင်း" ဟု ယနေ့တိုင် ခေါ်ကြ၏။ ယင်းကြက်လည်ဆစ်ချောင်းရိုး၏ ဝဲဘက်၌ တောင်ကိုင်းမြောက်ဘက်ရွာကြီး တည်ရှိလေသည်။

တောင်ကိုင်း မြောက်ဘက်ရွာကြီးအပြင် ချောင်းရိုး၏ ဝဲယာ၌ ဆီးပင်ကုန်းရွာ ညောင်ပင်ပုရွာ ဒိုးပင်ကုန်းရွာတို့

လည်း ရှိကြ၏။ ရွာအားလုံးကိုပေါင်း၍ "ကိုင်းတောလေးရွာ" ဟုလည်း ခေါ်ကြသည်။ ရှေးအခါက ထူထပ်လှသော ကိုင်းတောကြီးများကို ခုတ်ထွင်ရှင်းလင်း၍ ရွာတည်ခဲ့သော ကြောင့်(သို့မဟုတ်) ကိုင်းတောကြီးအလည်၌ ရွာတည်ခဲ့ကြ၍ "ကိုင်းတောလေးရွာ"ဟု ခေါ်ခဲ့ဟန်ရှိသည်။

ယင်း ကိုင်းတောလေးရွာကိုပင်ရည်၍ "ရွှေကိုင်းလေးရွာ၊ မြတ်ဝိဟာက၊ ဆရာ့ထံပါး၊ မြဲခစားသည့်၊ ကျောင်းသားတို့ တတွေ" စသည်ဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ရတုကဗျာစပ်ဆိုပေးတော်မူခဲ့ဘူးသည်။

ယင်း ကိုင်းတောလေးရွာအနက် "တောင်ကိုင်းမြောက် ဘက်ရွာကြီး"သည် ရှေးအကျဆုံးရွာကြီးဖြစ်ကြောင်း အစဉ် အဆက် ပြောဆိုရိုးရှိလေသည်။ ဆီးပင်ကုန်းရွာ၊ ညောင်ပင်ပု ရွာ၊ ဒိုးပင်ကုန်းရွာများကား တောင်ကိုင်း မြောက်ဘက် ရွာကြီးနှင့် မရှေးမနှောင်း တည်လာခဲ့ကြသောရွာများ ဖြစ် ပေသည်။

ယခုအခါ၌ကား ကြက်လည်ဆစ်ချောင်းရိုး ဝဲယာ၌ ချောင်းဝရွာ၊ ကျောင်းဆိပ်ရွာ၊ တံတားဦးရွာ၊ တောင်ကိုင်း တောင်ဘက်ရွာ၊ ဆယ်ကြီးရွာတို့ရှိလာကြ၍ ရွာပေါင်း (၉) ရွာတို့ဖြင့် လွန်စွာစည်ကားလျက် ရှိလေသည်။

ရွာပေါင်း ၉-ရွာတွင် ပင်မဖြစ်သောတောင်ကိုင်းမြောက် ဘက်ရွာကြီးသည်ကား တင့်တယ်ဆန်းစုံ သစ်ပင်ပန်းခြုံတို့ဖြင့် လှမ်းခြုံကာ ယှက်သွယ်လျက် နှစ်သက်ဖွယ်ကောင်းသော မြိုင်ရဂုံအပေါင်းနှင့် ပြည့်စုံသောကြောင့် ရွာကြီးအင်္ဂါနှင့် ပြည့်စုံ၏။

ရတနာသုံးပါးကို အားထားမှီခို ကြည်ညိုသော နိစ္စလသဒ္ဓါတရားနှင့် ပြည့်စုံသူ ရတနတ္တယမာမက ပုဂ္ဂိုလ်တို့၏ မှီတင်းနေထိုင်ရာလည်းဖြစ်၏။

တွင်းပန့်စပ်ဖြာ သုံးဆောင်စားသောက်ဖွယ်ရာ ဆန်ရေစပါးစသော ဥစ္စာပစ္စည်းတို့ဖြင့် သိပ်သည်းပေါ်ယာယ် ကြွယ်ဝချမ်းသာသော လူများစွာတို့၏ ပျော်မွေ့နေထိုင်ရာလည်း ဖြစ်၏။ ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရား၏ မွေးဖွားရာ တောင်ကိုင်းမြောက်ဘက်ရွာကြီးသည် ဝေး နီး ကျော်ညာ လွန်စွာကျော်ကြား ထင်ရှားလှပါသည်။

**မိဘနှစ်ပါးနှင့် ဖွားရာကာလ** ကျေးဇူးရှင် ဆရာတော်ဘုရား၏ ခမည်းတော်ကား ဦးထူးဖြစ်၏။ ဦးထူးသည် စဉ့်ကူးမြို့နယ် ညောင်ပင်ပုကျေးရွာဇာတိဖြစ်လေသည်။ ပစ္စည်းဥစ္စာကုံလုံကြွယ်ဝ၍ ရတနာသုံးပါး၌ လေးစားကြည်ညိုချစ်ခင်မှုရှိ၏။ ပါဠိကျမ်းဘတ် ပုဂ္ဂိုလ်တဦးလည်းဖြစ်ပေသည်။

မယ်တော်ဖြစ်သူ 'ဒေါ်မယ်'ကား ကျောက်မြောင်းမြို့နယ် မခေါက်ကျေးရွာဇာတိဖြစ်၏။ ဦးထူးကဲ့သို့ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝပြီး ရတနာသုံးပါးတို့၌ မြတ်နိုးလေးစား အရေးထားသော အမျိုးသမီးကောင်းတဦးပင် ဖြစ်လေသည်။ ဦးထူးနှင့် ဒေါ်မယ်တို့သည် တူစုံနှစ်လီ သင့်မြတ်ညီကြ ပြီးနောက် "တောင်ကိုင်းမြောက်ဘက်ရွာကြီး" သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ချောင်းရိုးဂိုဏ်း မဟာနာယက လက်ပံသာကျောင်း ဆရာတော်ဖြစ်တော်မူလတ့်သော သားတော်လောင်းလျာသည်

ကောဇာသက္ကရာဇ် ၁၂၅၂-ခုနှစ် နတ်တော်လဆန်း ၄-ရက် စနေနေ့ညနေ ၃-နာရီအချိန်တွင် သာယာသိုက်မြို့က် မယ်တော်ဖြစ်သူ ဒေါ်မယ်၏ဝမ်းကြာတိုက်မှ နှစ်ခြိုက်ကြည်ဖြူ ဖွားမြင်တော်မူခဲ့လေသည်။

ဦးထူးဒေါ်မယ်တို့မှ "မောင်တောက်ထွန်း၊ မောင်တောက်ထိန်၊ မောင်တောက်ရှိန်၊ မစိန်၊ မအိမ်၊ မောင်ခိုင်"ဟု သားလေးယောက် သမီးနှစ်ယောက်ထွန်းကားခဲ့ရာ၊ ဆရာတော် လောင်းလျာမှာ ဘတိယမြောက် သားရတနာ မောင်တောက်ရှိန် ဖြစ်လေသည်။

ဖွားမြင်တော်မူသော ဇာတာတော်ပုံ




ဇေယျတု သက္ကရာဇ် ၁၂၅၂-ခု ဒီဃနှစ်ကြွင်း ၁၅၂-ရဿ၊ နတ္တော်လပြည့်ကျော် ၄-ရက်၊ စနေနေ့ ညနေ ၃-ချက်တီးကျော် ၂-နာရီပါဒ်ပြည့် ၄-ဗီဇနာ ၅-ပြန်၊ ၆-ခရာ၊

မိဿလက် မေထုန်စန်း၊ ၁-နွေ ပေါရက် ၁-နွေတြင်း ၁-နွေ နဝင်းလက်စီး နက္ခတ် ၁-လုံးပါဒ်ပြည့် ၃-ဿရွှ် အနုဿရွှ် ၃၃-ပရမာနုဿရွှ် ၁၉-ထက် လက်စီးလျက် ထိုနာရီဘွားသော်ကား ၁၇-ဘွား ၅၁-မုယော ၄၀-ဆံခြည် ပြည့်သောအခါ မဂ်လာတွင် ကြည်လင်သဒ္ဒါ ရတနာသုံးပါး ဦးထိပ်ထား၍ သတို့သားကို မာတာမိခင် ဖွားသန့်စင်သည် မည်ပင်သာယာ ခေါ်တွင်ရာကား "သာထွန်းအောင်"ဇာတာ ၁၂၀-ရှည်စေသော်။

**မှတ်ချက်** မောင်တောက်ရှိန် နှင့် မောင်သာထွန်းအောင်ကား ဆရာတော်လောင်းလျာ တဦးတည်း၏ အမည်ပင် ဖြစ်လေသည်။

ဆရာတော်လောင်းလျာ ဖွားမြင်သည့်အချိန်မှစ၍ ခမည်းတော် မယ်တော်တို့မှာ စီးစိမ်ဥစ္စာရတနာများ ဒီရေအလားကဲ့သို့ တနေ့တခြား တိုးတက်မြင့်မားလာကြပါသည်။

"ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ
ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ
ဗဟုဇနသုခါယ လောကာနုကမ္ပာယ"

[တဦးတယောက်သော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ သတ္တလောကကို အစဉ် စောင့်ရှောက်ခြင်းငှါ ဖြစ်၏။] ဟူ၍ ဗုဒ္ဓရှင်တော်ဘုရား ဖြစ်ပေါ်လာခြင်းနှင့်စပ်လျက် (အင်္ဂုတ္တိုရ်၊ ဧကနိပါတ၊ ဧကပုဂ္ဂလဝဂ်။ နှာ။၂၁။) ၌ ပြောဆိုမိန့်မှာ ထားချက် နှင့် အညီ

ချောင်းရိုးဂိုဏ်း မဟာနာယကဖြစ်တော်မူလတ့်သော ဆရာတော်လောင်းလျာ ဖွားမြောက်၍လာခြင်းသည် လူအများ အကျိုးစီးပွါးဖြစ်ထွန်းရန် ချမ်းသာကြီးပွါးရန် သနားစောင့်ရှောက်ရန် ဖြစ်လာသည်ဟု ယုံကြည်ယူဆထိုက်ပေသည်။

ချမ်းသာစွာ ကြီးပွါးရခြင်း ဆရာတော်လောင်းလျာ မောင်တောက်ရှိန်ကလေးသည် လောကီလောကုတ္တရာ ရတနာအစုံ ကိုလုံကြွယ်ဝသောအမျိုး၌ ဖြစ်သောကြောင့် မိဘနှစ်ဖြာ ဆွေဉာတကာတို့၏ အမျိုးမျိုးသော ပိုက်ထွေးယုယမှု နှစ်သိမ့်ဖျော်ဖြေမှုတို့ကို ခံယူရလေသည်။ ထို့ကြောင့် ငိုယိုမြည်တမ်းခြင်းအလေ့ မကြုံတွေ့ရပဲ အမြဲမွေ့လျော်ပျော်ပါးခြင်းဖြင့်သာလျှင် ချမ်းသာစွာ ကြီးပွါးလာရသော သားမြတ်ရတနာတဦး ဖြစ်လာရပေသည်။

အကျင့်ပြုစင် မာတာဟီနဿ ဒုဗ္ဘာသာ၊
အပြောယဉ် ပိတာဟီနဿ ဒုက္ကိရိယာ။
မာတာသေဋ္ဌဿ သုဘာသာ၊
ပိတာသေဋ္ဌဿ သုကိရိယာ။

[အမိယုတ်ညံ့သော သားသမီးသည် ထန်သီးရင့်သမ်းစကားကြမ်း၍ အဖယုတ်သောသားသမီးသည် ပြုမူကျင့်ရိုင်းထင်ရာစိုင်း၏။ အမိကောင်းမြတ်သော သားသမီးသည် လောကွတ်ပျူငှါ ချိုသာယဉ်ကျေးသောစကားရှိ၍ အဖကောင်းမြတ်သော သားသမီးသည် ယဉ်ကျေးသိမ်မွေ့ ပြုမူလေ့ရှိ၏။]

(လောကနီတိ၊ ဂါထာ။ ၅၂။ ၅၃။)ဟု နီတိကျမ်းဆရာက ဆို၏။

မှန်ပေသည်။ ဆရာတော်လောင်းလျာ မောင်တောက်ရှိန် အဘိုးကား မိရှောဖပါ ကောင်းမြတ်လာသောကြောင့် ကလေး ငယ်ဘဝမှစ၍ အပြောအဆိုယဉ်ကျေးပြီး အနေအထိုင် ကျစ် လစ်သိပ်သည်း ပြူစင်လာပေသည်။

ပါရမီဓာတ်ခံ ရင့်သန်ထူးချွန် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန် ဖြစ်မည့် ဆရာတော်လောင်းလျာ ဖြစ်သောကြောင့်လည်း အမြော်အမြင်ရှိသော မိဘနှစ်ပါးက သွန်သင်ပြောပြ ဆုံးမ ကြသော ဇာတ်ကြီးဆယ်ဘွဲ့လာ မှတ်သားဘွယ် ပုံဝတ္ထုများကို အလွယ်တကူ မှတ်ယူနိုင်ရုံမျှမက တဆင့်စကား ပြောကြားနိုင် လောက်အောင် ထူးချွန်လှပေသည်။

ပညာသင်ရန် *"အတတ်ပညာ၊ အလိမ္မာကို၊ ငယ်ခါ ကျောင်းအပ်နှံခြင်း ကလျှင်၊ မသင်စေငြား၊ မိဘများ ကား၊ သား၏ရန်သူ၊ ဖြစ်တုံဟူ၏"

ဟူသောအချက်ကိုရင်း။

*"အတတ်မရှိ၊ မျိုးဇာတိကား၊ ကင်းဘိဥစ္စာ၊ ဆင်းရဲရှာ လိမ့်"ဟူသောအချက်ကိုရင်း။

*"မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင် စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ"ဟူသော အချက်ကိုရင်း။

လေးနက်စွာ သတိထားဆင်ခြင်၍ ဖခင်မိခင်များဖြစ်ကြသော ဦးထူးနှင့် ဒေါ်မယ်တို့သည် ဆရာတော်လောင်းလျာ သား ငယ် ၇-နှစ်အရွယ်သို့ ရောက်လာသောအခါ ဆီးပင်ကုန်း ကျေးရွာ၊ သက်ပံသာကျောင်း ဆရာတော် အရှင်စာရိန္ဒအရှင် မြတ်ထံ ပညာသင်ကြားရန် အပ်နှံကြလေသည်။

**ဆရာကောင်းတွေ့မှ တပည့်ကောင်းဖြစ်မည်** ယင်းသို့ အပ်နှံကြရာ၌ အပ်နေကျကျောင်း ကိုးကွယ်နေကျ ဆရာတော်ဟူသော အမြင်ဖြင့် အမှုမဲ့ အမှတ်မဲ့လွယ်ကူစွာ အပ်နှံခဲ့ကြသည်ကား မဟုတ်ပေ။

ဆရာတော် အရှင်စာရိန္ဒ၏ သီလ၊ သမာဓိ၊ ပညာ အရည်အချင်းပြည့်ဝမှုတို့ကိုအားရကျေနပ်ကြသည့်အလျောက် ဆရာကောင်း ဧကန်စင်စစ်မှန်လှ၏ဟု ယုံကြည်ကြသောကြောင့်သာ ဆရာတော်လောင်းလျာကို အပ်နှံခဲ့ခြင်းဖြစ်ပေသည်။

**ဆရာတော်အရှင်စာရိန္ဒ။** ။ဆရာတော် အရှင်စာရိန္ဒသည် အနေအထိုင်ကောင်း၏။ အသင်အပြတော်၏။ တပည့်များအား တတ်မြောက်စေလိုသော ဆန္ဒဖြင့် အပင်ပန်းခံ၍ စိတ်ရှည်လက်ရှည် သင်ကြားပို့ချလေ့ရှိ၏။ ထို့ကြောင့်လည်း ဆရာတော်အထံ၌ ပညာသင်တပည့်အများတို့သည် ပျားပန်းခတ်မျှ ဆည်းကပ်ခစားလျက် ရှိနေကြခြင်းဖြစ်ပေသည်။ ကျောင်းသားတရာကျော် ရဟန်းသာမဏေခြောက်ဆယ်ကျော် ပြတ်သည်ဟူ၍ မရှိပေ။

ထို့ပြင် ဝိနည်းသိက္ခာကို လွန်စွာလေးစားတော်မူ၏။ ဆရာတော်၏ "ဝိနယဂရုက" ဂုဏ်သတင်းကား ယခုတိုင် သင်းပျံ့လျက် ရှိပေသည်။ တရားဓမ္မဟောပြဆုံးမခြင်း၊ စာပေပို့ချခြင်းတို့၌လည်း မွေ့လျော်တော်မူ၏။

**လူရည်ချွန်တဦးမို့ အထူးအရေးယူတော်မူပုံ** ဆရာတော် အရှင်စာရိန္ဒသည် ကျောင်းသားသစ် မောင်တောက်ရှိန်၏ ရုပ်ရည်သန့်ပြန့်၍ အပြောအဆို အနေအထိုင် သိမ်မွေ့ပုံ ဣန္ဒြေဣန္ဒြာကြီးမားပုံ

ဉာဏ်ရည် ဉာဏ်စရှိပုံ စသည်တို့ကို အကဲခပ်ဆင်ခြင်၍ ဘုရင်ဖြစ်မည်ဟု အဟောထုတ်ထားသော သားရတနာအား စောင့်ရှောက်သည့်အလား ကျောင်းသားငယ်ကို အထူးပင် အရေးယူချီးမြှောက်တော်မူသည်။ သင်ပုန်းကြီးအခြေခံမှစ၍ သင်ရိုးစာပေများနှင့် အထက်တန်းကျမ်းများအထိ ကိုယ်တော်တိုင် ဂရုတစိုက် သင်ပြတော်မူခဲ့ပေသည်။ ထို့ကြောင့်လည်း ကျေးဇူးရှင်ဆရာတော်ဘုရားသည် "ဆရာကောင်းတပည့် ပန်းကောင်းပန် နောက်ဆံတဝင့်ဝင့်"ဆိုသည့်ပမာသာသနာ့ကျက်သရေဆောင် ပုဂ္ဂိုလ်တပါးအဖြစ် တင့်တယ်စွာ ဖြစ်ပေါ်လာနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

## လက်ပံသာကျောင်းကြီး၏ ဆရာစဉ်သမားဆက်

ဤနေရာ၌ အကြောင်းဆက်စပ်သည့်အတွက် စာရှုသူတို့အား ဗာဟုသုတ မင်္ဂလာဖြစ်စေရန်နှင့် သမိုင်းဝင်မှတ်တမ်းတခုရစေရန် ရည်သန်၍ လက်ပံသာကျောင်းကြီး၏ သမိုင်းစဉ်ကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

**လက်ပံသာကျောင်း စတင်ပေါ်လာပုံ** လက်ပံသာ ကျောင်းကြီးသည် တောင်ကိုင်း မြောက်ရွာ၏ မြောက်ဘက်တဖာလုံခန့် ဆီးပင်ကုန်းရွာ၏ တောင်ဖက် တဖာလုံခန့်အကွာတွင် တည်ရှိ၏။

တောင်ကိုင်းရွာ ဆီးပင်ကုန်းရွာ ညောင်ပင်ပုရွာ ဒိုးပင်ကုန်းရွာဟူသော ကိုင်းတောလေးရွာတည်ပြီး မကြာမီဆောက်လုပ်ခဲ့သည်ဟု ဆိုကြ၏။ စနု, စကြံ့, စသည်တို့ဖြင့်

မွမ်းမံအပ်သော သုံးထပ်ကျောင်းကြီးပေတည်း။ ဆောက်လုပ်သူ ဒါယကာကား ရွှေထီးအမမိသားစုများ ဖြစ်ကြသည်။ ရှေးဦးစွာ သီတင်းသုံး နေထိုင်သောပုဂ္ဂိုလ်ကား ဆရာတော် ဦးဇိနဖြစ်ပေသည်။ ဆရာတော်ဦးဇိနလက်ထက်တွင် ရွှေထီး အမ မိသားတစုတို့က ကျောင်းဦး၌ ဉာဏ်တော် အတောင် သုံးဆယ်ခန့် စေတီတော်နှင့် အုတ်တိုက်အာရုံခံ တန်ဆောင်း မဟာရံတံတိုင်းများကို ဆောက်လုပ်လှူဒါန်း ပူဇော်ခဲ့သည်။

**ကျောင်း အမည် ဝေါဟာရများ** တောင်ကိုင်းရွာ နှင့် ဆီးပင်ကုန်းရွာ အကြား ကြီးမားသော လက်ပံပင်ကြီး အနီး၌ ဆောက်လုပ်ထားသောကြောင့် "လက်ပံသာကျောင်း" ဟူ၍၎င်း၊ ရွှေထီး အမ မိသားစုက ဆောက်လုပ် လှူဒါန်းထားသောကြောင့် လှူဒါန်းသူ ဒါယကာကိုစွဲ၍ "ရွှေထီးမကျောင်း" ဟူ၍၎င်း၊ ကျောင်း၏ အနောက်ဖက် ချောင်းရိုးဘေးတလျှောက် စိုက်ထားသော ဝါးရုံပင်တန်းကိုအစွဲပြု၍ "ဝါးရုံပင်ကျောင်း"ဟူ၍၎င်း အမျိုးမျိုး ခေါ်ဝေါ်ကြသည်။

**ဒုတိယမြောက်ဆရာတော် ဦးတေဇဝန္တ** ဆရာတော် ဦးဇိနသည် သက်တော်ကြီးရင့်တော်မူသောအခါ တပည့်ကြီး ဦးတေဇဝန္တအား ကျောင်းကြီး လွှဲအပ်တော်မူခဲ့သည်။ ဆရာတော်ဦးဇိန ပျံလွန်တော်မူပြီးနောက်၊ ဆရာတော် ဦးတေဇဝန္တ ဆက်လက်ပြီး သီတင်းသုံး နေထိုင်တော်မူခဲ့သည်။ ဆရာတော် ဦးတေဇဝန္တ လက်ထက်တွင် တောင်ကိုင်းရွာမှ ဦးလယ်-ဒေါ်ကျင်တို့က သိမ်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ကျေးဇူးရှင် လက်ပံသာကျောင်း ဆရာတော်ဘုရားကြီး
သီတင်းသုံးတော်မူရာ ကျောင်းပုံ



[ဤကျောင်းသည် ဆီသည်ရွာ ဦးရိုက်-ဒေါ်မို့ သားသမီးတစု ဆောက်လုပ်လှူဒါန်းသော ကျောင်းဖြစ်သည်။ ၎င်းကျောင်းတွင် ပျံလွန်တော်မူချိန်ထိ သီတင်းသုံးတော်မူခဲ့သည်။]

ကျေးဇူးရှင် လက်ပံသာကျောင်း ဆရာတော်ဘုရားကြီး
ပြုပြင်တည်ထား ကိုးကွယ်သွားသော
ရွှေထီးမကျောင်းဦးစေတီတော်



**တတိယမြောက် ဆရာတော် ဦးစာရိန္ဒ** ဆရာတော်ဦးတေဇဝန္တ ပျံလွန်တော်မူကာနီး မကျန်းမာတော်မူစဉ် ဆရာ တူ တပည့် ဖြစ်သော ဦးစာရိန္ဒအား ကျောင်းကြီးကို လွှဲပြောင်း အပ်နှင်းတော်မူခဲ့သည်။ ဆရာတော် ဦးတေဇဝန္တ ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးစာရိန္ဒ သိတင်းသုံးတော်မူသည်။

ယင်းဆရာတော်လက်ထက်တွင်—

* ခေတာင်ကိုင်းရွာမှ ဦးဘင်-ဒေါ်ငွေတို့က ၄ ခန်းပတ်လည် ကျောင်းတဆောင် ဆောက်လုပ် လှူဒါန်းသည်။
* ထို့နောက် ကျောင်းဒါယကာနှင့် ကျောင်းအမတို့ ကွဲကွာသွားကြပြီး၊ ကျောင်းဒါယကာ ဦးဘင်-ဇာဦးတည်းက မူလကျောင်း၏ အရှေ့ဘက်ကပ်ပြီး ၂-ခန်း၊ ၃-ခန်း ကျောင်းတဆောင် လှူဒါန်းသည်။
* ကျောင်းအမ ဒေါ်ငွေကလည်း ဦးဘင်-ကျောင်း၏ အနောက်ဘက်ကပ်ပြီး ၂-ခန်း၊ ၃-ခန်း ကျောင်းတဆောင် လှူဒါန်းပြန်သည်။
* ဆီဆုံရွာမှ ကျောင်းအမကြီး ဒေါ်ချိုက ၃-ခန်း၊ ၄-ခန်း စမြင်နှင့် ကျောင်းတဆောင် (မူလ ဦးဘင်-ဒေါ်ငွေတို့ ကျောင်း မြောက်ဘက်မှကပ်၍) ဆောက်လုပ်လှူဒါန်း ခဲ့သည်။

**ရှင်အဖြစ်ကို ခံယူတော်မူခြင်း** ''သက်န်းမနိုင်၊ ကျင့်မပိုင်၊ ရှင်ချိုင်မစော နှင့်''ဟူသော စကားနှင့်အညီ ဆရာတော် ဦးစာရိန္ဒသည် မိမိ တပည့်များအား

သာမဏေရပဗ္ဗဇ္ဇမင်္ဂလာဖြင့် ချီးမြှောက်ရာဝယ်၊ သင်္ကန်းကို လည်း နိုင်၍၊ ကျင့်ဝတ်ကိုလည်း ပိုင်အောင်ကျင့်နိုင်သော အရွယ်ရောက်မှသာ ချီးမြှောက်တော်မူရိုးရှိသည်။

မောင်တောက်ရှိန်ကား အရွယ်အားဖြင့် ၁၃-နှစ်သား အရွယ်သို့ရောက်၍ သင်္ကန်းကိုလည်း သေခိယနှင့်ညီစွာ ဝတ်ရုံ ဆင်မြန်းနိုင်ပေပြီ။ ကျင့်ဝတ် အနေဖြင့်လည်း ပစ္စဝေက္ခဏာ လိင်၊ ဒဏ်၊ သေခိယ၊ ခန္ဓကဝတ်တို့ကို နှုတ်ဝယ် တွတ်တွတ် ရပြီးဖြစ်၍၊ ဆရာကောင်းတပည့် ပီသစွာ ကျင့်ကြံအားထုတ် နိုင်လောက်ပေပြီ။ ထို့ကြောင့် ခမည်းတော်-မယ်တော်များ အား သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ ဆင်နွှဲရန် ခွင့်ပြုလိုက်ပေသည်။ မိဘများသည် ခမ်းနားသိုက်မြိုက်စွာ အလှူပွဲကို ကျင်းပ၍ မောင်တောက်ရှိန်အား သာမဏေဘုံရောက် ကောင်းစွာ ချီးမြှောက်လိုက်ကြပေသည်။

**ရှင်သာကိယ ဘွဲ့မည်ရ** ရှင်မယ်ခံရာဝယ် ခမည်းတော်ကြီး ဦးထူးက စနေသားပင် ဖြစ်လင့်ကစား၊ သောကြာနေ့ နံယူ၍ ဘွဲ့မည် ပေးသနားတော်မူရန် ဆရာ တော် အရှင်စာရိန္ဒအား လျှောက်ထားသောကြောင့် "ရှင် သာကိယ" ဟု ဘွဲ့မည်သ၍ ချီးမြှင့်ပေးအပ်တော်မူခဲ့သည်။

**ရှင်အဖြစ်နှင့် ဆက်လက် ပညာ သင်ကြားခြင်း** "သီညာထကြွ၊ဆုံးမနာယူ၊ လာမူ ကိုဆီး၊ ထံနည်းလုပ်ကျွေး၊သင် တွေးအံရွတ်၊တပည့်ဝတ်၊မချွတ် ငါးခုသာ" ဟူသည်နှင့်အညီ တပည့်ဝတ်တရား ငါးပါးကို မချွတ်မမှားအောင် ပြုစုတော်မူရင်း ပိဋကတ်အခြေခံကျမ်း

စာများဖြစ်သော သဒ္ဒါ သင်္ဂြိုဟ် ပါတိမောက် ပုဒ်စစ် သဒ္ဒါစစ် သံဝဏ္ဏနာ နည်းလေးဆယ် ယမိုက်၊ ပဋ္ဌာန်း၊ ဆန်း၊ အလင်္ကာ စသော ကျမ်းများနှင့် ပါဠိအဋ္ဌကထာများကို ၇-နှစ်တိုင်တိုင် ဆက်လက်၍ ဆရာတော် ဦးစာရိန္ဒထံ၌ သင်ကြားတော်မူလေသည်။

**ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း** ရှင်သာကိယသည် ကောင်းသောအမှီသဟဲကို ရသည့်အလျောက် နေ့ရောညပါ ဘယ်ခါမလပ် ဇွဲစိတ်ဓာတ်ဖြင့် ပရိယတ်ကျမ်းစာ အဖြာဖြာတို့ကို သင်ယူလာခဲ့သည်မှာ သင်ရိုးကုန်၍ နည်းမျိုးပင် စုံသလောက်ရှိခဲ့လေသည်။ သက်ရွယ်တော်မှာလည်း ၁၉-နှစ်ကျော်နင်း၍ ၂၀-နှစ်တွင်းသို့ပြည့်ပြည့်တင်းတင်းရောက်လာခဲ့ပေပြီ။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ တက်ရောက်ရန် ဆရာတော်အရှင်စာရိန္ဒက ကောင်းစွာခွင့်ပြုလိုက်ပေသည်။

ရှင်သာကိယသည် ၁၂၇၂-ခုနှစ် နယုန်လဆန်း ၁၀-ရက်နေ့နံနက် ၈-နာရီအချိန်တွင် လက်ပံသာကျောင်း ခဏ္ဍသိမ်တော်ကြီး၌ မူလဥပဇ္ဈာယ်ဖြစ်တော်မူသော ဆရာတော်ဦးစာရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ကမ္မဝါဆရာတော်များ ဖြစ်တော်မူကြသော လေသာဆရာတော်၊ သပြေသာဆရာတော်၊ သရက်ပင်ဆရာတော်၊ ဆီသည်တောရဆရာတော်၊ သက်ပန်းဆရာတော် စသော ဂန္ထဓူရ ဝိပဿနာဓူရနှစ်ဖြာနှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးများ အလယ်ဝယ် ထယ်ဝါခန့်ညားစွာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

**မန္တလေးသို့ ပညာသင်လွှတ်ခြင်း** ဆရာတော်လောင်းလျာ ဦးသာကိယသည် ပွင့်ချပ်ဖူးငုံ သီးမျိုးစုံစွာ ဉာဏ်ပဒေသာပင်ကြီးနှင့် တူသော ကျေးဇူးရှင် ဆရာတော် ဦးစာရိန္ဒကို မှီခိုနိဿယအရကြီးရခဲ့၍ သာမဏောဘဝကပင် သင်ရိုးကုန်၍ နည်းမျိုးစုံသလောက်ရှိခဲ့ပေပြီ။ သို့ရာတွင် ခိုင်ရာသံစွဲ မြဲရာသံပတ်ဆိုသည့် စကားပမာ ဆရာအမျိုးမျိုးတို့ထံ လှည့်လည်၍ နည်းခံဦးမှသာလျှင် ပိုမိုခိုင်ခံ့၍ မိမိပညာသည် ပဒေသာပင်ကဲ့သို့ဖြစ်၍ ထွေထွေရာရာ နှိုင်းချိန်ယူဆနိုင်ပေမည်။

သို့အတွက် နေလအသွင် ထင်ရှားသော ဝိဇ္ဇာကတ္တာယပါရဂူ ဆရာအဆူဆူတို့ထံမှ နည်းနာနယပိုင်နိုင်စွာ ရစိမ့်သောငှါ မန္တလေးမြို့တော်သို့ ပညာသင်သွားရမည်ဟု အမိန့်တော်ရှိလေသည်။ ထို့ကြောင့် ၁၂၇၂-ခု နှစ် ဝါဆိုလဆန်း ၅-ရက်နေ့တွင် ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော်လောင်းလျာ ပဉ္စင်းငယ်လေး ဦးသာကိယသည် ဥပဇ္ဈာယ်ဆရာတော်ကြီးထံမှ ဖဲခွါခဲ့၍ ခမည်းတော် ဦးထူးကို ကပ္ပိယကာရကပြုကာ မီးသင်္ဘောဖြင့် ရတနာပုံ မြို့ရန်လုံသို့ စုန်ဆင်းလာတော်မူခဲ့လေသည်။

အရှေ့အင်းခန်းမည်သော ဝိသုဒ္ဓါရာမတိုက်ကြီးတွင် တိုက်အုပ်ဆရာတော်ကျောင်း၌ ငါးဝါတိုင်တိုင် နေထိုင်တော်မူခဲ့သည်။ ယင်းသို့ နေထိုင်တော်မူစဉ် ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌအမြတ်စင်စစ် သံဃရာဇ်တဆူဖြစ်တော်မူသော မူလရွှေကျင်ဆရာတော်ဘုရားကြီးအထံတော်နှင့်တိုက်အုပ်ဆရာတော် ဦးကောသလ္လ၊ နဲ့ကြိုးဆရာတော် ဦးဇိန(ဝဋ္ဋဘောဒနီကျမ်းပြု)

စသော ဆရာ့ဆရာ ထေရ်မဟာတို့ထံ ပညာရင်နို့ဝဝကြီး သောက်စို့သည့်ပြင် မန္တလေးအနောက်ပြင် ခင်မကန်တိုက် စာချအကျော် သူဌေးကျောင်း ဆရာတော်ထံ၌လည်း နိဿယည်းကျကျ သင်ယူခွင့်ရခဲ့ပါသည်။

ထိုသို့ စာပေကို သင်ကြားယုံမျှမက အင်းခန်းမည်သာတိုက်မဟာကြီးအတွင်း၌ ယာပိုထ်မွေလျှော် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ဆရာ့ဆရာအဆီးသီး မဟာထေရ်ကြီးတို့ထံမှ အဆုံးအမဩဝါဒအမွန်တို့ကိုလည်း ကျိုးကျိုးနွံနွံနာခံခဲ့ရလေသည်။

**ဆရာတော်ဦးစာရိန္ဒ ပျံလွန်တော်မူခြင်း** ဥပဇ္ဈာယ်ဆရာတော် ဦးစာရိန္ဒမထေရ်မြတ်ကြီးသည် ဆရာတော်လောင်းလျာပဉ္စင်းငယ် ဦးသာကိယ မန္တလေးလေးမြို့၌ ပညာသင်နေဆဲမှာပင် ပျံလွန်တော်မူခဲ့ရှာလေသည်။

ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးသည် အနာ့ပဆုပ်ရောဂါကို အပြင်းအထန်ခံနေရစဉ် မိမိသည် ဤရောဂါဝေဒနာမှ ထမြောက်နိုင်တော့မည်မဟုတ်ဟု သိရှိတော်မူ၍ လက်ပံသာကျောင်းကြီးကို အနီးနေတာ့သည့်ကြီးဖြစ်သူ ဦးအာဒိစ္စအားအပ်နှင်းတော်မူခဲ့လေသည်။ ကျောင်းအပ်ပြီး မကြာမီမှာပင် ပျံလွန်တော်မူရရှာသေသည်။ ဘယ်လောက်ပင်ဂုဏ်ရှိန်ကဲသော်လဲ ကုန်ချိန်မြဲရောက်လျှင် ကုန်ရသော ခန္ဓာကြီးပါတကား၊ ရှေ့နောက်သာကွဲ ဒို့လဲလိုက်ရမှာပါတကား။

**ကျောင်းအလှူ ခံယူတော်မူခြင်း** ကျေးဇူးရှင် ဥပဇ္ဈာယ် ဆရာတော်ကြီး ဦးစာရိန္ဒပျံလွန်တော်မူကြောင်းကြားသိရသောအခါ ကျွန်ုပ်တို့၏ ကျေးဇူးရှင်

ဆရာတော်လောင်းလျာပဥ္စင်းငယ် ဦးသာကိယသည် နေရင်းရွာကျောင်းသို့ ပြန်လည်ကြွရောက်တော် မူလာခဲ့ပေသည်။

အန္တိမစျာပနအထိ ကိစ္စအဝဝကို အပြီးတိုင် ပူဇော်ဆောင်ရွက်ပြီးနောက် မန္တလေးသို့ ပြန်လည်ကြွရောက်ရန် စီစဉ်သောအခါ လက်ပံသာကျောင်းကြီး၌ လက်ရှိသီတင်းသုံးနေသော ဆရာတော်ဦးအာဒိစ္စသည် ဤကျောင်းတိုက်ကြီးနှင့် တပည့်ပေါင်းများစွာတို့ကို မိမိတပါးတည်း အုပ်ချုပ်ရန် မလွယ်ကူကြောင်း၊ သို့အတွက် ဒွိသန္တကအဖြစ် သဘောတူနေထိုင်ပါရန် ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာတော် ဦးသာကိယအား အတန်တန် ပန်ကြားလျှောက်ထားလေတော့သည်။

ဆရာတော်ဦးသာကိယလည်း မည်သို့သော အကြောင်းနှင့်မျှ မရှောင်လွှဲသာတော့သဖြင့် ဆက်လက်၍ သင်ယူလိုသော ပညာရေးဆန္ဒကို နှစ်သိမ့်ကာ လက်ခံလိုက်ရတော့သည်။

"သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ
ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ
သမ္ပဿန္တာ ဝိဟရန္တိ။"

[အညီအညွတ်ဝမ်းမြောက်စွာ မဆန့်ကျင်ကြပဲ နို့ရည်နှင့် ရေရောသည့်အလား တသားတည်းဖြစ်ကြလျက် အချင်းချင်း ချစ်ခင်လေးစားအပ်သော မျက်လုံးအစုံတို့ဖြင့် ရှုမြင်ကြကာ သီတင်းသုံးမွေ့လျော် ပျော်ပိုက်တော်မူကြကုန်၏။]

ဟု ဆိုသော အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ်၊ ဒုတိယ-ပဏ္ဏာသက၊ နီဝရဏဝဂ်၊ ၄-သမယသုတ်။ နှာ-၅၉။ လာ ဒေသနာတော် စကားများသည် ဆရာတော် နှစ်ပါးတို့၏

ညီညွတ်ချမ်းသာသော အနေအထိုင်များကို ဖော်ပြထားသည့် ပမာဖြစ်ပါတော့သည်။

ဂူတွင်ခိုမှီး လက်ပံသာ ကျောင်းကြီး၌ ဆရာတော် ခြသေ့ကြီးသို့ ဦးအာဒိစ္စနှင့် ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော် ဦးသာကိယတို့သည် ချစ်ခင် ညီညွတ်စွာ တဆယ့်လေးနှစ်တိုင်တိုင် အတူ နေထိုင်ခဲ့ကြပြီး နောက် ဆရာတော်ဦးအာဒိစ္စသည် သာသနာတော်၌ မပျော် ပိုက်သည့်အတွက် လူဝတ်လဲကာ လူအဖြစ်ဖြင့် သီတင်းသီလ များ စောင့်သုံးနေထိုင် ခဲ့လေသည်။

ဆရာတော်ဦးအာဒိစ္စမရှိသည့်နောက် ဂူတွင်ခိုမှီး ခြသေ့ ကြီးပမာ ကျေးဇူးရှင်ဆရာတော်တပါးတည်း ၄၄-နှစ်တိုင် ဆက်လက်သီတင်းသုံး နေထိုင်တော်မူခဲ့ပေသည်။

## ဝိနည်းမိုရ်ပေါင်း ခိုကာအောင်း ရွှေကျောင်းလက်ပံသာ

ကျေးဇူးရှင်ဆရာတော်ခိုအောင်းရှင်ပြုံး သီတင်းသုံးလျက် ရှိသော လက်ပံသာကျောင်းကြီးသည်ကား ဝိနည်းသိက္ခာ လေးစားမှုနှင့် အနေအထိုင်ကောင်းမှု ဘက်တွင် သူမတူအောင် ထင်ရှား၏။ ဆရာတော်ဘုရားများ၏ ဝိနည်းလေးစားမှု ဂုဏ် သတင်းသည် ယနေ့တိုင် သင်းပျံ့ကြိုင်လှိုင်လျက်ရှိ၏။

ထင်ရှားသော ဖြစ်ရပ်တခုမှာ စာရေးသူသည် မန္တလေးမြို့ အနောက်ပြင်၊ စကုတိုက်၊ အလည်ဗဟိုရ်တိုက်မ သိမ်တော်ကြီး တွင် ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့၏။

ထိုစဉ်က စာရေးသူအား စဉ့်ကူးမြို့နယ် ဇာတိဖြစ်တော်မူသော စကုတိုက် တိုက်အုပ်ဆရာတော်ဘုရားကြီးက ရဟန်းခံအပြီးတွင် မောင်ပဉ္စင်းသစ်ကလေး ဇာတိက ဘယ်ကလဲဟု အမေးတော်ရှိရာ စဉ့်ကူးမြို့နယ်က ဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့၏။

ဘယ်ရွာ ဘယ်ကျောင်းကလဲဟု ဆရာတော်ဘုရားကြီးက ဆက်လက်၍ မေးမြန်းတော်မူပြန်ရာ ဆီးပင်ကုန်းရွာ လက်ပံသာ ကျောင်းကပါဘုရားဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ ဆရာတော်ကြီးသည် လွန်စွာအားရကျေနပ်သော မျက်နှာအမူအရာအသံတော်ဖြင့်—

> "အလိုလေး–တကဲ့ကျောင်းကြီးကပါလား–ဟုအမိန့်ရှိပြီး" စဉ့်ကူးမြို့နယ်မှာတော့ မောင်ပဉ္စင်းတို့ ကျောင်းဟာ ဆရာအဆက်ဆက်ကဘဲ ဝိနည်းလေးစားရာမှာ ထင်ရှားလှတဲ့ကျောင်းတကျောင်းဘဲကွဲ့၊ မိမိဆရာတော်ကြီးများကို နည်းမှီတုယူပြီး ကောင်းမွန်စွာနေပါ " ဟု—

အဆုံးအမပေး၍ အမိန့်ရှိတော်မူခဲ့ဘူးပါသည်။ ဤအချက်ကိုထောက်ဆ၍ လက်ပံသာကျောင်းကြီး၌ သီတင်းသုံး နေထိုင်သွားသော ဆရာတော်များ၏ ပမာဏ အရည်အသွေးကို ကောင်းစွာအကဲဖြတ်နိုင်ကြဘို့ ရှိပါသည်။ လက်ပံသာကျောင်းကြီးသည်ကား ဝိနည်းခိုရ်ဆရာတော်များ ပျော်ပါးနေထိုင်သွားသော တကယ့်ကျောင်းကြီး အမှန်ဖြစ်ပါသတည်း။

**ရောဂါဝေဒနာ စွဲကပ်တော်မူလာခြင်း** ၁၃၃၅-ခု တပေါင်းလဆန်း ၁၄-ရက် နေ့တွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်၍ လာသည်။ လက်ပံသာ ကျောင်းကြီးအောက်ထပ်တွင် တပါးတည်း စာကြည့်သီတင်း သုံးနေသော သက်တော် ၈၀-ကျော်အရွယ်ရှိ ကျေးဇူးရှင် ဆရာတော်ကြီးသည် လေများတိုက်ခတ်လာမှုကြောင့် နေရာ ပြောင်းရွှေ့ရန် ရုတ်တရက်ထလိုက်ရာ လေအဝေ့ဒဏ်ကိုပင် ကြံ့ကြံ့ ခံနိုင်လောက်သော အားခွန်ဗလ မရှိတော့သည့် အတွက် မြေသို့ လဲကျသွားရှာသည်။

"မြေနိမ့်ရာလှံစိုက်" ဆိုသည့်ပမာ ယင်းသို့ လဲကျသော ညဉ့်မှာပင် ဆရာတော်ဘုရားကြီးတွင် အဖျားရောဂါကလည်း တပါတည်း ဝင်ရောက်လ ရှာသည်။ သို့အတွက် အတူနေ တပည့်ကြီး ဦးလက္ခဏမှာ ဗျာများရတော့သည်။

ဆရာတော်ဘုရား၏ တူဖြစ်သူ မြန်မာသမားတော်ကြီး ဦးချစ်တင်ကို အလျင်အမြန်ခေါ်၍ ကုသစေပါ၏။ ဆရာကြီး သည် အကောင်းဆုံးသော ဆေးဝါးများကို သုံး၍ အတတ် နိုင်ဆုံး ကြိုးစားကုပါ၏။ ဆရာတော်ဘုရား၏ အဖျား ရောဂါကား လျော့သွားသည်မရှိ တိုး၍သာ လာနေပေသည်။

ဆရာကိုချစ်သော တပည့်အပေါင်းတို့ကား အထူးပင် တာဝန်ကျေကြသည်။ ဆီးပင်ကုန်းရွာ တောင်ကိုင်းရွာ ညောင်ပင်ပုရွာ ကျောင်းဆိပ်ရွာ စသည်တို့မှ ဒကာ ဒကာ မများသည် မိမိတို့၏ဆိုင်ရာ လုပ်ငန်းများကိုဖျက်၍ ဆရာ တော်ဘုရား၏ ထံတော်ပါး၌ လုပ်အား ငွေအား စသော

အားဖြင့် လိုအပ်သလို အကူအညီပြု၍ လုပ်ကျွေးနေကြသည်မှာ ငါးဆယ် ခြောက်ဆယ်ခန့် နေ့ညမပြတ် ရှိနေကြပါသည်။

မြော်သင့်ချက် ဆုံးရတော့မလောက် အခြေအနေသို့ ဆိုက်ရောက်လာသောအခါ စာရေးသူထံ အကြောင်းကြားကြသည်။ သိလျှင်သိခြင်းပင် တပေါင်းလဆုတ် ၅-ရက်နေ့ နံနက် ၅-နာရီကားဖြင့် အလျင်အမြန် သွားခဲ့ရာ ညနေ ၃-နာရီအချိန် ဆိုက်ရောက်ပါသည်။

ရောက်လျှင်ရောက်ခြင်း သွားရောက် ဖူးတွေ့ရာ ဘယ်သူလဲဟု မေးတော်မူပါသေးသည်။ တပည့်တော် ဇွန္ဒာစာရပါဟု လျှောက်ထားခြင်းကိုကား ပြန်လှန်၍ ကြောင့်ကြမပြုတော့ပါ၊ မျက်လုံးတော်မှိတ်၍ သည်းခံစိတ်ဖြင့် ဝေဒနာကို ဆင်ခြင်နေပုံရပါသည်။ ဆရာတော်သည် ရောဂါဖြစ်စအချိန်မှစ၍ တခါဘူးမျှ ညည်းညူတော်မူလေ့မရှိပါ။

ဆရာတော်ဘုရား လက်တော်ကို ကိုင်စမ်းကြည့်သောအခါ အကြောများသည် တဖျတ်ဖျတ်တုန်လျက် ခုန်နေကြပါသည်။ မိမိစိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ချုပ်တည်း၍ ဗုဒ္ဓမန္တာန် ပရိတ်တော် တဆယ့်တသုတ်လုံးကို သုံးခေါက်တိုင်တိုင် ကိုယ်စားတော်စား ရွတ်ဖတ်ပူဇော်ပွဲများပေးခဲ့ပါသည်။

**ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခြင်း** ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ၁၃၂၆-ခု မကျန်းမာ ဖြစ်တော်မူစဉ်ကပင် အတူနေ တပည့်များဖြစ်သူ ဦးပရမနှင့် ဦးလက္ခဏတို့အား လက်ပံသာကျောင်း

တိုက်ကြီးကို အပြီးအပိုင် လှူအပ်တော်မူပြီးဖြစ်၍ အာဝါသနှင့်စပ်သော ပလိဗောဓလည်း လုံးဝမရှိတော့ပြီ။ သာသနာတော်အကျိုးကိုလည်း နှစ်ပေါင်းများစွာ သည်ပိုးဆောင်ရွက်တော်မူခဲ့ပြီး မူရနှစ်ပါးကိုလည်း အားသွန်ကြိုးကုတ် အားထုတ်ခဲ့လေပြီ၊ ကုသိုလ်ကောင်းမှု အစုစုကိုလည်း များစွာပြုခဲ့ပြီး နောင်တတဖန် ပူပန်စေမည့် မည်သည့်အမှုကိစ္စကိုမျှ မပြုလုပ်ခဲ့ပေ။ ထို့ကြောင့် ဆရာတော်အဘိုကား သေရဲလျက် ရှိယုံမျှမက ရင့်ရော်နေသော ခန္ဓာဝန်ကြီးကို စောင့်ရှောက်ပြုပြင်နေရခြင်းအတွက် လွန်စွာပင် ငြီးငွေ့သကဲ့သို့ ရှိနေလေသည်။

ဆရာတော်ဘုရား၏ အနီးအပါး၌ လုပ်ကျွေး ပြုစုလျက်ရှိသော တပည့်များအဘိုကား မည်သို့ပင်ရှိစေ တတ်စွမ်းနိုင်မည်ဆိုက မိမိတို့၏ ကျေးဇူးရှင်ဆရာတော်ကြီး ထာဝရတည်တံ့၍သာ နေစေချင်သည်။ မတတ်နိုင်သည့်အဆုံး နာရီပိုင်း မိနစ်ပိုင်းမျှ ရလျှင်ရစေ တည်လိုက တည်စေ နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းနေကြပေသည်။

သို့ပင်တစေ ၁၃၃၅-ခု တပေါင်းလပြည့်ကျော် ၆-ရက်နေ့ ၁၂-နာရီအချိန်သို့ အရောက်တွင်ကား "အဖြစ်သဘောနှင့် မကင်းကြကုန်သော သင်္ခါရတို့သည် မလွှဲမုချ ပျက်စီးခြင်းလျှင်အဆုံးရှိကြကုန်၏" ဟု နောက်ဆုံး အန္တိမလက်ဆောင် သဘောပြ၍ ဆုံးမသည့်အလား ဝိုင်းဝန်းပြုစုလျက်ရှိသော တပည့်များ၏ မျက်မှောက်၌ ဘဝဇာတ်သိမ်း၍ ချုပ်ငြိမ်း ပျံလွန်တော်မူခဲ့လေသည်။

တပေါင်းလ၌ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းသည် သစ်ပင်များစွာတို့မှ သစ်ရွက်တို့ကို ကြွေကျမြေခစေသကဲ့သို့ ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုလည်း မငဲ့မကွက် ချွေရက်လိုက်လေပြီ။

စည်ကားဝေဆာ၊ ကိုင်းခက်ဖြာလျက်၊ ပွင့်ညှာရွက်ဖူး၊ မြရည်လူးသို့၊ ကြည်နူးဖွယ်ရာ၊ အေးမြစွာလျှင်၊ သာယာအရိပ်၊ နေခြည်ပိတ်လျက်၊ ကိုယ်စိတ်ချမ်းအေး၊ ရနိုင်ရေးကို၊ ဖြန့်ပေးတတ်စွာ၊ ဂနိုင်သာမှာ၊ သူငါခိုမှီး၊ သစ်ပင်ကြီးသည် ပျက်စီးပြိုခဲ့ရလေပြီတကား။

ထက်ကောင်းကင်ဝယ်၊ ဖြူစင်ပဝင်း၊ အမှောင်ခွင်းလျက်၊ ရောင်လင်းထိန်စွာ၊ ထွက်ပေါ်လာသည့်၊ နှစ်ဖြာနေလ၊ အရောင် ၍၊ အတ္တမည်သာ၊ နောက်ဂေါယာသို့၊ လှည့်ကာကွယ်ငြား၊ ပျောက်ခင်၍ သွားလေပြီတကား။

အပေါင်းများစွာ၊ သူသူငါတို့၊ ပူဆာသောက၊ ထန်ပြင်းလှ၍၊ စီးကျမျက်ရည်၊ ဖြေမဆည်နိုင်၊ သံပိုင်ငိုကြွေး၊ ပူဆွေးပြင်းပြ၊ နှမ်းလျချွေယိုင်၊ မတွေးနိုင်အောင်၊ ငေးမှိုင်ဆိုပြော၊ တမောမောနှင့်၊ နှမြောတသ၊ ဝမ်းနည်းကြလျက်၊ ဒုက္ခဖြစ်လေ၊ ပရိဒေဝ၊ မီးတွေ့ကြသဖြင့်၊ တ,သ,မဲ၊ ငိုပွဲဆင်ကြလေပြီ။ သို့ပင်တစေ—

"သန္တေဇာတိ၊ တဖန်ငြိက၊ တြိဘုံသူ၊
အဆူဆူလျှင်၊ လူလူနတ်နတ်၊ အရပ်ရပ်တည့်၊
မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊
သုံးပါးအားရှယ်၊ အလယ်အဆုံး၊ ရှိမြဲထုံးဖြင့်၊

အန္နန်းစဉ်စီ၊ သန္တေ့ချီက၊ နာရီစဉ်သင့်၊
အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည်း။ ”

ဟူသော စကားနှင့်အညီ သန္တေ့ဇာတိ ရှိလျှင် ဇရာ ဗျာဓိ မရဏ မလွဲမသွေ ဖြစ်ကြရမည်သာတည်း ဟု အဆွေးစိတ်ကို ချွေးသိပ်ကာ ကျေးဇူးရှင် ဆရာတော်ဘုရား၏ အဆုံးအမ တရားတို့ဖြင့် နှစ်သိမ့်မှု အဖြေရှာကြရပါတော့မည်။

## မန္တလေးမြို့၊ မိုးကောင်းတိုက်
## မြအုတ်ကျောင်းဆရာတော် ဦးလောကနာထ၏
## ဂုဏာဒိပက ပူဇနိယဂါထာတော်

သီလာဒိဂုဏသမ္ပန္နော၊
ဂမ္ဘီရော၀ါဒ ဒါယကော။
ဥက္ကာရူပေါ နိကာယဿ၊
စိရံ ဇောတေတိ သာသနံ။ ။

သီလာဒိဂုဏသမ္ပန္နော၊ သီလအာဒိ စရှိဉ်သုံ အလုံးစုံသော ဂုဏ်တော် ကျေးဇူးတော် ဂုဏ်ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော် မူပေထသော။ ဝါ–သီလအာဒိ သမာဓိအလယ် ပညာဝယ်အဆုံး တရားအလုံးတို့ကို စွဲစွာ မြဲစွာ စွဲမြဲစွာဖြင့် အသက်ဆုံးတိုင် တသက်လုံး ပိုင်ကာ နိုင်စွာ ပိုင်နိုင်စွာဖြင့် ပြည့်စုံတော်မူပေထသော။ ဝါ–ယစ်မ စာမရီ သားနှစ်လီမျိုး တို့ကို မျှားဝသီ အကျင့်ပျက် မလေ့ဆိုးဘက်သို့ အသက်ပင် သောပစေ သဘောမျိုးဖြင့် တခါဘူးမျှ မျိုးမထွက်ခဲ့ဘဲ ရိုးရိုး ရက် ဘိုးအနက် ပြိုးပြက်သော မိသီလမျိုးနှင့်လည်း ပြည့်စုံ တော်မူပေထသော။ ဝါ–ဒုက္ကဋ် ဒုဗ္ဘာသိ အာနာဝီတိက္ကမန္တ-

ရာယ်ကို ရည်စိတ်သန်ကာ လွန်ကျူးမဟုတ်လို ကျုံကြုံးမည့် စိတ်ရိုင်းအယုတ်ကို ချွန်းအုပ်ကာအမြဲသမ္ဗဇဉ်ဖြင့် ဉာဏ်ယှဉ်ကာ မလွန်ကျူးဘဲ အလွန်ထူးမြတ်သော ဓိသီလ သိက္ခာမျိုးနှင့်လည်း ပြည့်စုံတော်မူပေထသော။

ဂမ္ဘီရောဝါဒဒါယကော၊ ကြားနာရသူ များရှင်လူတို့သည် ကြည်ဖြူနှစ်ခြိုက် ကြောင်းကျိုးဆိုက်၍ စရိုက်နှင့်ညီ ကျင့်ထုံးမှီ၍ ဂမ္ဘီနက်လေး အဆုံးအမ ဩဝါဒကိုလည်း ပေးတော်မူပေတတ်ထသော။ ဝါ–နက်လဲနက် နဲလဲနဲပေသော များအထွေထွေ အကာအဖျင်းတို့ကို ကြာရှည်စွာ မဟောပြလင်းဘဲ အဟောဝတ ကောင်းလေခြင်းရယ်လို့ များသိသာ တပည့်တသင်းတို့အား တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းဖြစ်သော နက်နဲသိမ်မွေ့ ခက်ခဲမြိန်တွေ့ လက်ရဲထိန်ပေ့ဖြစ်သော ဆုံးမဩဝါဒထူးကိုလည်း ပေးတော်မူပေတတ်ထသော။ ဝါ–သုံးဆဲ့တစ်ဘုံခရိုင်မှာ ဒုက္ခတွေပွေကာလှိုင်၍ မြှော်မှန်းရော်ရမ်းကာ ရည်ရှယ်ချက် မမြောက်နိုင်ကြဘဲ လမ်းအရှေ ရှောက်နေကြသော တပည့်အများတို့အား “ဟေ....သတိထားကာ အဆုံးသတ်ကြပေတော့”ရယ်လို့ အဆုံးအမ တရားအထွေထွေကို လက်ညှိုးညွှန်ပြကြားလျက် နက်နဲခက်ခဲသော ဩဝါဒကထာထူးကိုလည်း ပေးတော်မူတတ်ထသော။ ဝါ–ပစ္စုပ္ပန်နှင့်သံသရာ ကျိုးနှစ်ဖြာဂဟေဆက်တို့ကို မသွေဆက်ဆက်ရရှိရန်ကို သနားလှည့်ကာ စိတ်ရည်သန်လျက် တသက်လုံးပိုင် အသက်ဆုံးတိုင် မှတ်သားစရာဖြစ်သော ခက်ခဲနက်နဲသော ဩဝါဒကထာထူးကိုလည်း ပေးတော်မူထသော။

နိကာယသာ၊ မိုးအောက်ပြည်ခွင် မြေအပြင်၌ ဂုဏ်အင်ကဲမောက် ရဲရဲတောက်သည့် မုန့်သောက်မာတင် ထေရ်အရှင်တို့ဖြစ်ထွန်းပေါ်ပေါက်ရာ တေဇာပြန့်ဟီး (ကြက်လည်ဆစ်) ချောင်းရိုးဂိုဏ်းကြီး၏။ ဝါ–မြရာသံပတ် ခိုင်ရာသံစွဲ ပုံတနဲ့သို့ ညီညွတ်ခြင်း အလွန်မြဲပေသော (ကြက်လည်ရစ်) ချောင်းရိုးဂိုဏ်းကြီး၏။ ဝါ–ညီညွတ်ခိုင်မာ ချမ်းသာစွာဖြင့် သမဂ္ဂသုခကို ရည်ဘူညီတူ ကျင့်သီလဘူစွာဖြင့် ခံစားနေထိုင်သော ချောင်းရိုးဂိုဏ်းကြီး၏။

ဥက္ကာရှုပေါ်၊ ထွန်းပြောင်ထိန်လင်း မိုက်မှောင်ကင်း အောင်မယှဉ်းပုံဟပ် စိုက်ထောင်အပ်သည့် မီးရှူးတန်ဆောင်ကြီးနှင့်လည်း တူတော်မူပေထသော။ ဝါ–သီလသိက္ခာ မိပညာနှင့် မျှားလှပေပေါင်း လောကုတ္တရာ ဥစ္စာအပေါင်းတို့ကို ကျေးဇူး ရှင် ဆရာတော်ဘုရားကြီး၏ ကျင့်သီလ ဆီမီးတန်ဆောင် မီးရှူးတို့ဖြင့် ထွန်းပြောင်ထိန်လင်း ပြသခြင်းရှိတော်မူပေထသော။ ဝါ–မသိဝိုးဝါး အာနန်းသွားတို့ကို လမ်းမှားကင်းရှောင် သည်လမ်းဘဲဟဲ့လို့ ပြညွှန်းတတ်သော ပညာတည်းဟူသော မီးရှူးတန်ဆောင်တို့နှင့်လည်း ပြည့်စုံတော်မူပေထသော။

ယော ထေရော၊ ထုံဝေအစီစီ ပြုံ့ပေအညီညီ ဂုဏ်တွေအလီလီတို့၏ တည်ရာ မှီရာ တည်မှီရာဖြစ်သော ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်။ ဝါ–သီးပွင့်ဖူးငုံ ပွင့်ချပ်စုံလျက် ရဂုံသာမော (ဝါးရုံတော)တို့ဖြင့် ပတ်ရံအပ်သော ကျေးဇူးရှင် ဝါးရုံပင်ကျောင်း ဆရာတော်ဘုရားကြီးသည်။ ဝါ–နှမ့်မြင့်ပင်စောက် ထက်အောက်စီရရီ ညီညာစီတန်း ရှုမခန်းမျှ ပေါက်

လန်းစိုပြေ ရှိသမျှသစ်ပင်တွေ အပေါ်ထက်မှ တမ်းခွန်သဖွယ် အုပ်မိုးကာ ပေါက်လျက်ရှိသော ခက်တန်ဝင့်ထီး လက်ပံပင်ကြီး၏ အနွတ္ထကြောင့် ကျေးဇူးရှင် လက်ပံသာကျောင်း ဆရာတော် ဘုရားကြီးသည်။ ဝါ–ကြက်လည်တိုင်ရိုး ပုဆစ်မျိုးသို့ ဝက်ဥဇု နှစ်ခုနှစ်မှာ စီးဆင်းလာသော (ကြက်လည်ဆစ်) ချောင်းရိုးဟု သမိုင်းထိုးအပ်သော ဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ မြတ်ထက်မြတ်သော ဂဏပါမောက္ခတဆူ ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်။ ဝါ–လှပရစ်ခြုံ မွေးပတ်လည် ဆင့်ဆင့်စုံပေသော "ကြက်လည်ရစ်ကဲ့သို့" ဟိုနယ်သည်ဘက် ရွာပေါင်းယှက်လျက် ရှုဘွယ်မငြီး ကြည်နူးဘွယ်အစုံ ပေါင်းပြည့်စုံသည့်(ကြက်လည်ရစ်) ချောင်းရိုးကြီး၏ ဂိုဏ်းစီးဥက္ကဋ္ဌ ဦးစီးခေါင်းဆောင်ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်။

သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို။ ဝါ– အံ့ဘွယ်ရှစ်ဖြာ မြတ်သာသနာတော်ကို။ ဝါ– မြတ်မဟာဗုဒ္ဓဟောက နှုတ်ခါစနာချွေ စည်းကမ်းသတ်၍ နည်းလမ်းမှတ်ကာ ဆုံးမထားတော်မူခဲ့သော သာသနာတော်မြတ်ကြီးကို။ ဝါ– သတ္တဝါအလိုက် အထွေထွေကို စရိုက်နေအလျော်ထား၍ သင့်လျော်စွာ ဟောကြားတော်မူခဲ့သော သာသနာတော်မြတ်ကြီးကို။

စိရံ စိရကာလံ၊ မိမိ၏ အသက်ခန္ဓာ ရှည်ကြာသမျှသော ကာလပတ်လုံး။ ဝါ– သက်တော်ရာတမ်း ပြည့်စုံခမန်းပင် မပြတ်သုံးပိုင် သက်ဆုံးတိုင်အောင်သော ကာလပတ်လုံး။

ဇောတေတိ၊ ကိုယ်အား ဉာဏ်အား စွမ်းပကားဖြင့်
ငွါးငွါးစွင့်စွင့် ကားကားပွင့်အောင် ထွန်းလင်းတောက်ပတော်
မူခဲ့လေပြီတကား။ ဝါ– ရှင်မဟာကဿပ အနွယ်အဆက်ပွါး
ပေမို့ မြတ်ဗုဒ္ဓသာသနာကို အသက်နှင့်လဲကာ ကြွသွားသလိုပ
တကဲ့စေတနာ ထားကာ ထိန်ရှန်းဝေ၍ ထွန်းလင်းတောက်ပ
တော်မူခဲ့လေပြီတကား။ ဝါ– ကမ္ဘာအသင်္ချေအနန္တ ပါရမီ
အတွေတွေ သမ္ဘာရရယ်ကြောင့် ဘဂဝါပရမေ မှန်စွာရခဲ့
သော မိုးသုံးတိုင်ကို အသက်ဆုံးတိုင် လက်သုံးကိုင်ပြီး
သာသနာ့အရောင်တော်ကို ထိန်လင်းတောက်ပြောင်စေတော်
မူခဲ့လေပြီတကား။

## ရွှေဘိုမြို့၊ ကုန်းဘောင်ဦးထိပ်ကျောင်း
## ဘုန်းကြီး အရှင်နန္ဒက၏
## တမ်းတရည်မြှော် ပူဇော်လွှာ
## ဂုဏာထောမနာ ဂါထာတော်

နိဿာယ တွံ သေဝန္တာ စ၊
ဉာတကာ သဗ္ဗသိဿကာ။
အဿုပုဏ္ဏေဟိ စက္ခူဟိ၊
ရောဒန္တေ တဝ ကာရုဏာ။

ဘန္တေ၊ သေမင်းခေါ်ရာ စိုက်စိုက်ပါသို့ မြန်းကြွပေသော်
အို.... ဆရာတော်။ တွံ “တပည့်တော်များ ညှာမထားဘဲ
ကြွသွားသော ဆရာတော်ကို”။ နိဿာယ၊ ငှက်အပေါင်းတို့
ခိုအောင်းပျော်ရာ သစ်ပင်ကြီးပမာ နားနေရာဖြစ်ကြကုန်၍။
ဝါ– ရွှေဟင်္သာအပေါင်းတို့ ခိုအောင်းပျော်ရာ ရွှေတောင်ကြီး

ပမာ မှီခိုရာဖြစ်ကြကုန်၍။ သေဝန္တာ၊ ရွှေဟင်္သာနှင့် များစွာ ငှက်များ အိပ်စားပျော်ကာ နေကြသည့်ပမာလို ပညာရှာမှီး အရှင့်နိဿယည်းကို အပြီးယူကာ နေကြပါကုန်သော။ ဉာတကာစ၊ ကြည်ညိုလေးစား မိတ်သင်္ဂဟများတို့သည်ရင်း။ သဒ္ဓိဝိဟာရိကာစ၊ ကြီးငယ်ထွေထွေ ရှင့်စေတို့ ဝေနေစုဆောင်း တပည့်အပေါင်းတို့သည်ရင်း။ တဝ ကာရဏာ၊ ဆရာသခင် ကျေးဇူးရှင်၏ ရွှေတောင်ပြိုကွဲ သစ်ပင်လဲသည့်ပမာ ပြေမရ-ဏာသို့ သေအချာ ကွယ်ခြင်းဟူသော အကြောင်းကြောင့်။ အဿုပုဏ္ဏေဟိ၊ အိုးတွင်းဆီကျက် လျှမ်းလျှမ်းတက်သို့ အံထွက် ကုန်သော မျက်ရည်ရှိကုန်သော။ စက္ခူဟိ၊ ဘယ်ညာနှစ်ဖုံ မျက်လုံးစုံတို့ဖြင့်။ ရောဒန္တေ ရောဒန္တိ၊ မျက်ရည်သုတ်ကာ အံကြိတ်ကာဖြင့် ငိုကြွေးကြရပါကုန်ပြီ ဘုရား။

အနာဂတာ အာဂတာဝ၊
အကထံကထ မာသိ တုံ။
ဌိတေ အယျေ ဗလံ လဒ္ဓါ၊
ဣဒါနိဟံ ကထံ လဘေ။ ။

ဘန္တေ၊ အနန္တဂုဏ် ကျေးဇူးဟုန်တို့ ပြည့်စုံထင်ရှား ဆရာတော်ဘုရား။ တုံ၊ နိစ္စမပြတ် သွန်သင်တတ်ငြား အရှင်ဘုရားသည်။ အနာဂတာပိ၊ တပည့်များစွာ ရှိရာဒေသ ရပ်ဌာနသို့ မကြွလာပါသော်လည်း။ အာဂတာဝ၊ နေ့ညမဟူ ကြွတော်မူလာသကဲ့သို့။ အာသိ၊ ထင်ရှားမသေ ဖြစ်တော်မူပါပေ၏။ ။ အကထံပိ၊ တစုံတခု ဖြစ်မှုထင်ရှား မြတ်စကားကို မမြွက်ကြားပါသော်လည်း။ ကထံ-ကထန္တောဝ၊ နေ့ညမစဲ အမြဲမြွက်ကြား မိန့်သည့်လားသို့။ အာသိ၊ ထင်ရှားမသေ ဖြစ်တော်မူပါပေ၏။

အဃေ၊ ဆရာတော်သခင် မြတ်ထေရ်ရှင်သည်။ ဌိတော၊ သက်တော်ဇီဝိန် ဣန္ဒြေထင်ရှား မားမားမတ်မတ် ရှိတော်မူလတ်သော်။ မဃာ၊ တမ်းတရည်မြော် တပည့်တော်သည်။ ဗလံ၊ ဒါန-သီလ စသည်ကောင်းကျိုး အမျိုးမျိုးလမ်း အားအစွမ်းကို။ လဒ္ဓံ၊ လျင်စွာမပြတ် ထပ်ကာထပ်ကာ ရအပ်ပါ၏။ ဣဒါနိ၊ မရဏအရှင် တိုင်းဘုရင်၏ ခေါင်ငင်ပြီးရာ ယခုအခါ၌။ အဟံ၊ ခိုကိုးရာမြော် ဘုရားတပည့်တော်သည်။ ဗလံ၊ ဆရာတော်သခင် အရှင်ပေးကမ်း ကောင်းမှုတည်းဟူသော အားအစွမ်းကို။ ကယံ၊ ကိစ္စလုံးစုံ ဘယ်နည်းပုံဖြင့်။ လဘေ၊ ပြည့်ဖြိုးပိုင်ပိုင် ရရှိနိုင်ပါတော့အံ့နည်း။

## လက်ပံသာကျောင်း ဆရာတော်ကြီး၏ တပည့် မန္တလေးမြို့၊ စကုတိုက် အရှင်ဣန္ဒာစာရ ၏ ဂုဏဝန္ဒနာ ဂါထာတော်များ

ပီဏိန္ဒြိယံ ဂဏုက္ကဋ္ဌံ၊
သီလေသု သီလပုဂ္ဂလံ။
သိရိပ္ပတ္တံ အန္တာစေရံ၊
ဝန္ဒာမိ သိရသာမဟံ။

ပီဏိန္ဒြိယံ၊ ဝင်းပစိုစို နုပျိုလန်းလန်း သော်တာစန်းသို့ တင့်ဆန်းဣန္ဒြေ ပင်ကိုယ်အနေလည်း ရှိတော်မူပေထသော။ ဂဏုက္ကဋ္ဌံ၊ စဥ့်ကူးမြို့နယ် ထင်ပေါ်ကြွယ်လစ် ကြက်လည်ဆစ်ဟု ခေါ်ပြုတွင်လာ ချောင်းဝဲယာ၌ မှေ့ကာကျင့်သုံး သီတင်းသုံး နေကြကုန်သော ဂဏသံဃာ ပေါင်းများစွာတို့၏ အကြီး

ဉက္ကဋ္ဌ မြတ်ထက်မြတ် ဖြစ်တော်မူပေထသော။ သီလေသု၊ သီလရှိသူ များဗိုလ်လူတို့တွင်။ သီလပုဂ္ဂလံ၊ ရန့်သင်းလှိုင် မွှေးထုံကြိုင်လျှမ်း အမြင့်တန်း လွန်ကဲသော သီလလည်း ရှိတော်မူပေထသော။ သီရိပ္ပတ္တံ၊ သိက္ခာသုံးသွယ် ရောင်စုံ ခြယ်၍ ကိုယ်ဝယ်ဆင်မြန်း တက်နေလျှမ်းသို့ ရွှန်းပကြည်လင် ကျက်သရေအရှင်လည်း ဖြစ်တော်မူပေထသော။ အန္တာစေရံ၊ လက်ပံသာကျောင်းတိုက် ကွန်းမကိုင်မှ၌ ယာပိုထ်မွှေလျှော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို။ အဟံ၊ ဆရာ့ကျေးဇူး ဂုဏ်တော်ထူးကို ချီးကျူးလှစ်ဖော် တပည့်တော် ဣန္ဒာစာရ သည်။ ဝန္ဒာမိ၊ များလှဖုံဖုံ ကျေးဇူးဂုဏ်ကို ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

သကျထေရော ဒိဝင်္ဂေါ နု၊
သာဝါသံ ဇဟတော မဟံ။
ထေရာဂမ္မ သသူရေဟိ၊
ဒေသေတံ သနုပဿနံ။ ။

ထေရ၊ လူပြည်သာစခန်းမှ တုသိတာနန်းသို့ ကြွမြန်းစံပျော် အို ဘုရားဆရာတော်။ သကျထေရော၊ သီတင်းသုံးဘော်တွေ ကိုလည်း မကြည့်ရှု တပည့်တစုတို့ကိုလည်း မညှာတာ ဒကာ ဒကာမတွေကိုလည်းမငဲ့ကွက် စိမ်းရက်လေအား သာကီယန္ဒွယ် ဘွား ဆရာတော်ဘုရားသည်။ မဟံ၊ ကြီးကျယ်ခေါင်ဆုံး အခေါင်ဆုံးဖြင့် မြင့်ဆုံး မြင့်မား လွန်မြင့်မားလျက် ဆန်းပြား ဝေဆာ တင့်တယ်စွာရှိသော။ သာဝါသံ၊ ညို့ညို့ မှိုင်းမှိုင်း မို့မို့ဆိုင်းလျက် ရှုတိုင်းသာယာ ကိုယ့်တိုက် ကိုယ့်တာ ကိုယ့်

နေရာကို။ ဇဟတော ဇဟန္တော၊ မတွယ်မတာ ပယ်ကာ စိမ်းကား ကြွသွားထွက်ရှာ ရက်စက်စွာ စွန့်ခွါတော်မူလျက်။ ဒိဝင်္ဂေါ် နူ၊ တပည့်ဒကာ ဒကာမတွေ မဲ့ဟိုက်အောင် အရွဲ့တိုက်ကာ တုသိတာနန်းသို့ စံမြန်းတော်မူလေရော့သလားဘုရား၊ အဇ္ဇ၊ လွမ်းလိုက်ပုံ ဖြေပါနိုင် သဲရွှေဆိုင် ကျွမ်းကြေလျက် ကျမျက်ရည်ပူကာဆွေး၍ မအေးနိုင်ကြ ခုကာလဌ်။ သသူရေဟိ၊ ထေရ်ရှင့်အပါး ဝပ်တွားခညောင်း နတ်အပေါင်းတို့နှင့်တကွ။အာဂမ္မ၊ နတ်တို့စံမြန်း နတ်တို့နန်းမှ ကြွမြန်းတော်မူလာပြီး၍။ နော၊ ဖိုလှိုက်ဖိုလှိုက်နှင့် ငိုရှိုက်ကာရင်ကလေးတမဲမနှင့် ဟင်–ကလေး ချနေရပါသော ဒကာ ဒကာမ အငပေါင်းတို့အား။သန္ဒဿနံ၊ အနိစ္စလက္ခဏာ အစဖြာသည့် လက္ခဏာသုံးထွေ တရားရေနှင့် ကိလေကိုသတ် မဂ်မြတ်ဖိုလ်ဝင် နိဗ္ဗာန်ထွင်းပေါက် အရောက်ပို့လှမ်း ဝိပဿနာကမ္မဋ္ဌာန်းကို။ ဒေသေတံ ဒေသေတု၊ သက်တော်ထင်ရှား ရှိသည့်လားသို့ ဟောကြားတော်မူလှည့်ပါဘုရား။

သီလဝန္တော မိတီမန္တော၊
ပညဝန္တော စ ယော ထိရော။
မစ္စုနော ဝသမာယာသိ၊
မာဒိသေသု ကထာဝ ကာ။ ။

သီလဝန္တော၊ လေအောက်လေညှာ ရနံ့ဖြာသည့် ပျံ့ကာလှိုင်လှိုင် မွှေးထုံကြိုင်သည့် သီလတည်းဟူသော ပန်းလည်းရှိတော်မူထသော၊ မိတီမန္တော စ၊ အာရုံတန်တန် လောကဓံမုန်တိုင်းမွှေလည်း အနေမြဲခိုင် မလဲနိုင်သည့် သမာဓိဂုဏ်လည်း ရှိတော်မူထသော။ ပညဝန္တော စ၊ ပစ္စုပ္ပန်

သံသရာ သူငါအများ အကျိုးပွါးအောင် ညွှန်ကြားပေလတ်ကြီးမြတ်သော ပညာလည်းရှိတော်မူပေထသော။ ယောထိ·ရော စ၊ မန္တလေးမြောက်ဘက် စဥ့်ကူးမြို့တောင်လက်ဝယ်ဆန်းတက်သာယာ၊ဆီးပင်ကုန်းရွာ လက်ပံသာဟီး ကျောင်းတော်ကြီး၌ မူရနှစ်ဖြာ ညီညွတ်စွာဖြင့် မေ့ကာကျင့်သုံးသီတင်းသုံး နေထိုင်တော်မူသော ဆရာတော်ဘုရားကြီးကိုသော်မှလည်း။မစ္စုနော ဝသံ၊ စိတ်ထားယုတ်မာ ကြင်နာမဖက်ရက်စက်ကြမ်းကြုတ် သေမင်းယုတ်၏ အလိုနိုင်ငံသို့။ အာယာ·သိ၊ ဆောင်ရာဌာန သူ့အလိုကျအောင် လိုက်ပါရချေသေး၏။ မာဒိသေသု၊ သီလသမာ ဓိပညာဟု ဂုဏ်အဖြာဖြာ မရှိပါသဖြင့် နုံခြာလှသူ ငါတို့လို လူတို့၌ကား။ ကာ ကထာ၊ သေရမည်မှာ မပယ်သာသဖြင့် ဘယ်မှာဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။ နတ္ထိဧဝ၊ ဘယ်လိုနည်းနှင့်မျှ ဆိုဘွယ်တစ် မရှိနိုင်တော့သည်သာ လျှင်တည်း။

## လက်ပံသာကျောင်းဆရာတော်ဘုရားကြီး၏
## ထေရုပ္ပတ္တိကထာဖြစ်မြောက်ရေး၌
## လှူဒါန်းကြသောကုသိုလ်ရှင်များ


| | | |
|---|---|---|
| ၁။ | ဆီးပင်ကုန်းကျေးရွာတပည့်ကျောင်းသားများ | ၇၀ဝိ |
| ၂။ | ဦးဣန္ဒာစာရ | ၂၀ဝိ |
| ၃။ | ပုသိမ်ကြီးမြို့နယ် အင်ကျယ်ရွာကျောင်းမကြီး ဆရာတော်ဦးတိဿ | ၁၀ဝိ |
| ၄။ | ၎င်းရွာ ကူတောင်ကျောင်းဆရာတော် ဦးစက္ကပါလ | ၁၀ဝိ |
| ၅။ | ကျောင်းဆိပ်ကျေးရွာတပည့်ကျောင်းသားများ | ၁၀ဝိ |
| ၆။ | ဆရာတော်ကြီး၏တပည့်အငယ်ဆုံး ဦးစက္ကိန္ဒ | ၅၀ိ |
| ၇။ | ဆီးပင်ကုန်းကျေးရွာ ဦးဘိုးဇံ ဒေါ်လှကြွယ် သားသမီးတစု | ၅၀ိ |
| ၈။ | ၎င်းရွာ မောင်ဒေါင်းကြည် မတင်မိ မအုန်း မောင်နှမတစု | ၅၀ိ |
| ၉။ | ၎င်းရွာ ဦးဘရွှေ ဒေါ်ဝင်းစိန် သားသမီးတစု | ၅၀ိ |
| ၁၀။ | ၎င်းရွာ ဦးတင်လှ ဒေါ်မြလှိုင် သားသမီးတစု | ၅၀ိ |
| ၁၁။ | တောင်ကိုင်းကျေးရွာ ဦးခို ဒေါ်သိန်းခင် သားသမီးတစု | ၅၀ိ |

## ညောင်ပင်ပုကျေးရွာမှ ကုသိုလ်ရှင်များ


၁၂။ ဒေါ်အိမ်ကြီး ၃ဝ

၁၃။ ဦးစံရ သမီး မမြတင် ၃ဝ

၁၄။ ဒေါ်ခန့် ဒေါ်ခ တူ မောင်ညွန့်မောင် ၃ဝ

၁၅။ ဦးနက် ဒေါ်ကံမေ သားသမီး တစု ၃ဝ

၁၆။ ဦးစိုးမောင် ဒေါ်ညွန့်ရီ သားသမီးတစု ၃ဝ

၁၇။ ကွယ်လွန်သူ ဒေါ်လှရင်ကို ရည်စူး၍ ဦးတုတ်
သားသမီးတစု ၃ဝ

၁၈။ မောင်သန်းအောင် မမြကျင် သားသမီးတစု ၂ဝ

၁၉။ ကျောင်းဆိပ်ကျေးရွာ ကွယ်လွန်သူ မဂွက်ထော်
ကို ရည်စူး၍ ဦးဘအေး သားသမီးတစု ၂၅

၂၀။ ရွှေဘိုမြို့ကုန်းဘောင်ဦးထိပ်ကျောင်း ဘုန်းကြီး
ဦးနန္ဒက ၂၅

၂၁။ ဆရာတော်ဘုရားကြီး၏တပည့် ကျောင်းဆိပ်ရွာ
ဦးနန္ဒာစာရ ၂၅

၂၂။ .... .... ရင်းရွာ ဦးဝိမလ ၂၅

၂၃။ .... .... ရင်းရွာ ဦးဇဝန ၂၅